# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၂ ရက်　　၂၀၂၄ ခုနှစ်၊ ဇွန် ၈ ရက်၊ စနေနေ့　　အတွဲ (၆၃)၊ အမှတ်(၂၄၇)


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၃/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတစ်ခု တိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတွင်နေထိုင်ကြသူများက ဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ နိုင်ငံကို ပျက်စီးအောင် အဖျက်သမားစိတ်ဓာတ်ရှိသည့် ၎င်းနိုင်ငံသားများကပင် ပြုလုပ်ခြင်းဖြစ်၊ အဖျက်သမားများကို လူထုအားဖြင့် ဆန့်ကျင်ရန်လို

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၃/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇွန် ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၃/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကောင်စီဝင်များအနေဖြင့် သက်ဆိုင်ရာတာဝန်များအလိုက် လုပ်ငန်းများအောင်မြင်တိုးတက်မှုများကို Check၊ Recheck၊ Counter Check ပြုလုပ်နေရန်လိုကြောင်း၊ ရှေ့လုပ်ငန်းစဉ် တစ်ချက်ချင်းအလိုက် ဖြည့်ဆည်းရန်နှင့် လုပ်ဆောင်ရန် ကျန်ရှိသည်များကို ကျရာတာဝန်များအလိုက် တတ်နိုင်သလောက် ဆောင်ရွက်သွားရန်လိုကြောင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ◆


ယနေ့ *ဖတ် စ ရာ*

**ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားပြီး အတိုး/အရင်း ပေးဆပ်ရန်ကျန်ရှိနေသော လုပ်ငန်းများအနေဖြင့် ချေးငွေများ အမြန်ဆုံးပေးဆပ်ရန် အသိပေးကြေညာခြင်း** — ပြည်တွင်းသတင်း စာ ၂

**ပါရီအားကစားပွဲမစတင်မီ အီဖယ်တာဝါတွင် အိုလံပစ်ကွင်းများ တပ်ဆင်** — နိုင်ငံတကာသတင်း စာ ၁၃

**ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးတွင် ပါဝင်ဆင်နွှဲကြမည့် အားကစားမောင်မယ်များနှင့် ဒိုင်/ဂျူရီများ သိရှိလိုက်နာသင့်သည့် အားကစားစိတ်ဓာတ်နှင့်** Fair Play **အကြောင်း တစေ့တစောင်း** — ဆောင်းပါး စာ ၁၆

# နာဖျားမကောင်းသည့် သမုဒ္ဒရာများ ပြန်လည်ကျန်းမာလာစေရေး

သက်တမ်းနှစ်ပေါင်း ၄ ဒသမ ၅၄ ဘီလီယံခန့် ရှိပြီဖြစ်သည့် ကမ္ဘာမြေကြီး၏ သဘာဝသမိုင်းတွင် သက်ရှိဇီဝများသည် ပထမ ဘီလီယံနှစ်များအတွင်း သမုဒ္ဒရာများထဲ၌ စတင်ဖြစ်တည်လာခဲ့ခြင်းဖြစ်သည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ခန့်မှန်းထားကြသည်။ မျက်မှောက်ကာလတွင် ကမ္ဘာ့မျက်နှာပြင်၏ ၇၁ ရာခိုင်နှုန်းကို သမုဒ္ဒရာများက ဖုံးလွှမ်းထားပြီး ကျန် ၂၉ ရာခိုင်နှုန်းသာလျှင် ကုန်းမြေဖြစ်သည်။ ပင်လယ်သမုဒ္ဒရာများသည် ကမ္ဘာပေါ်ရှိ အသက်ဇီဝတို့၏ စတင်ရာဖြစ်သလို လူသားတို့အပါအဝင် သက်ရှိသတ္တဝါများ ရှင်သန်ရပ်တည်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သော သဘာဝပတ်ဝန်းကျင်ကို ဖန်တီးပေးနေခြင်းလည်း ဖြစ်သည်။

သမုဒ္ဒရာများသည် ကမ္ဘာပေါ်ရှိ သက်ရှိအားလုံးအတွက် လိုအပ်သော အောက်ဆီဂျင် ၅၀ ရာခိုင်နှုန်းခန့်ကို ထုတ်လွှတ်ပေးပြီး လူသားများကြောင့် ထွက်ပေါ်လာသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်၏ ၃၀ ရာခိုင်နှုန်းခန့်ကို စုပ်ယူပေးနေသည်။ သမုဒ္ဒရာများ၏ အပူရှိန်သည် ကုန်းမြေပေါ်တွင် ရာသီဥတုဖြစ်ပေါ်မှုနှင့် လေတိုက်ခတ်မှုပုံစံတို့ကို ဖန်တီးပေးပြီး သမုဒ္ဒရာများတွင် ရေငွေ့ပြန်ခြင်းမှတစ်ဆင့် ကုန်းမြေပေါ်တွင် ရာသီအလိုက် မိုးရွာသွန်းခြင်းကို ဖြစ်ပေါ်စေသည်။ သမုဒ္ဒရာများသည် လူသားတို့အတွက် အစားအစာများ ထုတ်လုပ်ရာ ရေမအရင်းအမြစ်ကြီးဖြစ်သကဲ့သို့ လူဦးရေသန်းပေါင်းများစွာ အသက်မွေးဝမ်းကျောင်းအတွက် အမှီပြုရာလည်းဖြစ်သည်။ ထို့အပြင် ကမ္ဘာ့ကုန်သွယ်ရေးအတွက် ကုန်စည်များ သယ်ယူပို့ဆောင်ရာ လမ်းမကြီးများလည်းဖြစ်ကြသည်။ သို့ရာတွင် ပင်လယ်ရေအပူချိန်မြင့်တက်လာမှု၊ ပင်လယ်ရေတွင် အက်ဆစ်ဓာတ်ပါဝင်မှု အချိုးအစားမြင့်မားလာမှု၊ ပလတ်စတစ်ညစ်ညမ်းမှု၊ ငါးအလွန်အကျွံဖမ်းဆီးမှု၊ စွန့်ပစ်ငါးဖမ်းပိုက်များ၊ မိုင်းခွဲငါးဖမ်းဆီးမှုများနှင့် ဒီရေတောများ ပြုန်းတီးမှုတို့ကြောင့် ပင်လယ်သမုဒ္ဒရာများနှင့်တကွ သန္တာကျောက်တန်းများ၊ အဏ္ဏဝါဂေဟစနစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများမှာ မရပ်မနား ယိုယွင်းပျက်စီးလျက်ရှိသည်။

ယခုအခါ လူသားတို့အသက်ရှင်နေထိုင်ရာ မြေကမ္ဘာနှင့်တကွ ကမ္ဘာသူကမ္ဘာသားအားလုံးအတွက် အကြီးမားဆုံးသော ခြိမ်းခြောက်မှုမှာ ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုပင် ဖြစ်သည်။ ဖောက်ပြန်လာသည့် ကမ္ဘာ့ရာသီဥတု ပြန်လည်ကောင်းမွန်လာစေရန်အတွက် သမုဒ္ဒရာများ မပျက်မစီး ကောင်းမွန်နေစေရန် လိုအပ်သည့်အချက်မှာလည်း လွန်စွာ ရှင်းလင်းသည့်အလျောက် ပြည်တွင်းအဆင့်၊ အမျိုးသားအဆင့်၊ နိုင်ငံတကာအဆင့် လှုပ်ရှားဆောင်ရွက်မှုများ တက်တက်ကြွကြွ၊ ထက်ထက်သန်သန်ရှိရန်လိုသည်။ ဆောင်ရွက်ဆဲရာသီဥတု ကောင်းမွန်လာရေး ကုစားမှုများအားလုံးကို အကောင်းဆုံး အသုံးချရန်၊ သန့်ရှင်းသောပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကူးပြောင်း သုံးစွဲမှုကို အရှိန်မြှင့်တင်ရန်၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးအပါအဝင် ရုပ်ကြွင်းလောင်စာများ ထုတ်ယူခြင်းကို ရပ်တန့်ရန်၊ တစ်ခါသုံးပလတ်စတစ်များနှင့် ပလတ်စတစ် ထုတ်လုပ်မှုများကို လျင်မြန်စွာနှင့် မျှတစွာ ဖယ်ရှားရန်လိုအပ်ပြီး လာမည့် ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့မြေပြင်နှင့်ရေပြင်၏ အနည်းဆုံး ၃၀ ရာခိုင်နှုန်းကို လွှမ်းခြုံသော ကာကွယ်ဇရိယာများ ဖန်တီးကာ သဘာဝကမ်းရိုးတန်းနှင့် အဏ္ဏဝါဂေဟစနစ်များကို ပြန်လည်ထိန်းသိမ်း ကာကွယ်သွားကြရမည်လည်း ဖြစ်သည်။

ကမ္ဘာ့သမုဒ္ဒရာများကို ကာကွယ်စောင့်ရှောက်ရေးနှင့် သမုဒ္ဒရာ၏ အရင်းအမြစ်များကို ရေရှည်တည်တံ့စေရေးတို့အတွက် စီမံဆောင်ရွက်မှုများအပေါ် အများပြည်သူတို့ဂရုပြုကာ စိတ်ပါဝင်စားလာစေရန် “ကမ္ဘာ့သမုဒ္ဒရာများနေ့”ကို ၂၀၀၈ ခုနှစ်မှစကာ ကုလသမဂ္ဂက တရားဝင်အသိအမှတ်ပြုခဲ့သည်။ ယခုအခါ ကမ္ဘာ့သမုဒ္ဒရာများနေ့သည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံးက ကျင်းပသည့် အပြည်ပြည်ဆိုင်ရာနေ့ တစ်နေ့တွင် ပါဝင်လျက်ရှိပြီဖြစ်သည်။ ရှည်လျားသည့် ပင်လယ်ကမ်းရိုးတန်းများနှင့် ပင်လယ်သမုဒ္ဒရာအကျိုးစီးပွားများစွာတို့ကို ပိုင်ဆိုင်ထားရှိသော မိမိတို့နိုင်ငံအနေဖြင့် ကမ္ဘာ့သမုဒ္ဒရာများ ကျန်းမာရေး၊ အပြည်ပြည်ဆိုင်ရာလှုပ်ရှားမှုများတွင် တာဝန်သိ ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံအဖြစ် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှုထူထောင်သည့် (၇၅) နှစ်ပြည့် စိန်ရတုအခါသမယအား ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီရိလင်္ကာနိုင်ငံသမ္မတ၊ ဝန်ကြီးချုပ်နှင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများအပြန်အလှန်ပေးပို့

**နေပြည်တော် ဇွန် ၇**

၂၀၂၄ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင်ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတ နိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် (၇၅) နှစ်ပြည့် စိန်ရတုအခါသမယအား ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် သီရိလင်္ကာနိုင်ငံသမ္မတ မစ္စတာရာနေးလ် ဝစ်ခ်ရီမီဆင်းဟီနှင့်လည်းကောင်း၊ သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဒင်းနစ် ဂူနာဝါဒီနာနှင့်လည်းကောင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးအပြန်အလှန်ပေးပို့ခဲ့ကြသည်။ **သတင်းစဉ်**

## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၇**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

မိုး/ဇလ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းဇော်ဦး ကို ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားပြီး အတိုး / အရင်း ပေးဆပ်ရန် ကျန်ရှိနေသော လုပ်ငန်းများအနေဖြင့် ချေးငွေများ အမြန်ဆုံးပေးဆပ်ရန် အသိပေးကြေညာခြင်း

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများအား ချေးငွေသက်တမ်း ၁ နှစ် (အတိုးနှုန်း ၁ %) ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှ စတင်၍ ချေးငွေများ ထုတ်ချေးခဲ့ပါသည်။ ချေးငွေသက်တမ်း ၁ နှစ် ပြည့်မြောက်ခဲ့ပြီးနောက် ပထမအကြိမ် ၆ လ၊ ဒုတိယအကြိမ် ၆ လ နှင့် တတိယအကြိမ် ၁ နှစ်နှင့် စုစုပေါင်း ၃ နှစ်အထိ ချေးငွေသက်တမ်းများ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်း ၃ နှစ် ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်ပါသဖြင့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပြန်လည်ပေးဆပ်ရန် တာဝန်ကျန်ရှိနေသည့် ကုမ္ပဏီ/ လုပ်ငန်းများအနေဖြင့် ချေးငွေအတိုး/ အရင်းများကို ၂၀၂၄ ခုနှစ်၊ **ဇူလိုင်လ ၁ ရက်နေ့ မတိုင်မီ** အမြန်ဆုံး အပြေအကျေ ပြန်လည်ပေးဆပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ အလုပ်သမားဥပဒေအကြောင်း ဟောပြော

**ရန်ကုန် ဇွန် ၇**

ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် စက်မှုဇုန်(၁)ရှိ စက်ရုံသုံးရုံမှ အလုပ်ရှင်နှင့် ဝန်ထမ်းများအား အလုပ်သမားဥပဒေအကြောင်းကို အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဇွန် ၆ ရက်တွင် ကွင်းဆင်း၍ အသိပညာပေးဟောပြောပို့ချသည်။

အသိပညာပေး ဟောပြောရာတွင် Mobile Training Bus မော်တော်ယာဉ်အတွင်း၌ အလုပ်ရှင်နှင့် အလုပ်သမားဝန်ထမ်းများအား အလုပ်ရုံနှင့် အလုပ်သမားစစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခိုင်မျိုးသန့်က လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာအကြောင်းအရာများကို လည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်စိုးသန္တာနွယ်က အလုပ်သမားဥပဒေနှင့် သိသင့်သိထိုက်သည့် အချက်အလက်အကြောင်းအရာများ၊ အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များကိုလည်းကောင်း စက်ရုံသုံးရုံမှ အလုပ်ရှင်နှင့် အလုပ်သမား ဝန်ထမ်းများအား အသိပညာပေး ဟောပြောပို့ချခြင်းဖြစ်ကြောင်း သိရသည်။

**ကျင်မောင်(ဆိပ်ကမ်း)**



- ❑ **နိုင်ငံ့စီးပွားမြင့်မားရေးဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်သဖြင့် ၎င်းလုပ်ငန်းများ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်၊ ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏ GDP များလည်း တိုးတက်လာမည်ဖြစ်၊ စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးများ တိုးတက်ရန်လို**
- ❑ **ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် Normal Trade ဖြင့် ဆောင်ရွက်သည်ဖြစ်စေ၊ နယ်စပ်ကုန်သွယ်ရေးဖြင့် ဆောင်ရွက်သည်ဖြစ်စေ မိမိတို့အနေဖြင့် ပြည်ပသို့တင်ပို့နိုင်သည့် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်နိုင်ရန်လို**
- ❑ **ငွေကြေးအရင်းအနှီး တတ်နိုင်သူများအနေဖြင့်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်မည်ဆိုပါကလည်း နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်မည်ဖြစ်**

◆ *ရှေ့ဖုံးမှ*

ရှေ့လုပ်ငန်းစဉ်၏ ပထမအချက်ဖြစ်သည့် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်နှင့်တပ်မတော်အနေဖြင့် လုံခြုံတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများအနေဖြင့် အကြမ်းဖက်လုပ်ရပ် ဆောင်ရွက်နေသည့်အဖွဲ့အစည်းများကို အကြောင်းအမျိုးမျိုးဖြင့် တိုက်ရိုက်နှင့် သွယ်ဝိုက်၍ အကူအညီများပေးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးဆိုင်ရာတာဝန်ရှိသူများအနေဖြင့် တစ်နိုင်ငံလုံးဖြန့်ကြက်၍ လုံခြုံရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တာဝန်ထမ်းနေခြင်းပင်ဖြစ်ကြောင်း၊ ၎င်းတို့အတွက် သက်စွန့်ဆံဖျားစရိတ်များကို တိုးမြှင့်ပေးနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ နိုင်ငံ့ဝန်ထမ်းများဖြစ်သည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များအတွက်လည်း ထောက်ပံ့မှုများ တိုးမြှင့်ပေးခဲ့သကဲ့သို့ အခြားနိုင်ငံ့ဝန်ထမ်းများကိုလည်း ထောက်ပံ့မှုများ ပိုမိုဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း။

**အကြမ်းဖက်သောင်းကျန်းသူများကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့**

လုံခြုံရေးနှင့်ပတ်သက်၍ အချို့ဒေသများတွင် ငြိမ်းချမ်းမှုကိုလိုလားသည့် တိုင်းရင်းသားအဖွဲ့များ၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ပြီး သောင်းကျန်းသူများထံ ပေးပို့မည့် လက်နက်ခဲယမ်းများကို တားဆီးပိတ်ဆို့နိုင်ခဲ့ကြောင်း၊ တပ်မတော်မှ ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်ဒေသများရှိ မြို့ရွာများပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့လက်လွတ်ခဲ့ရသော မြို့ရွာများကို မီးရှို့ဖျက်ဆီးခြင်းများသည် အပြစ်မဲ့ပြည်သူများ၏ အိုးအိမ်များပျက်စီးအောင် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် အလွန်စိတ်ထားသေးသိမ်သည့် လုပ်ရပ်များပင်ဖြစ်ကြောင်း။

စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းနိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သော်လည်း အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံရေးကိစ္စကို အကြမ်းဖက်သည့် နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ ၎င်းတို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရေးထက် နယ်မြေအလိုက် အာဏာရရှိရေးကို ဆောင်ရွက်နေကြခြင်းဖြစ်သည်ကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီသာ ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် တိုင်းရင်းသားအားလုံး အခွင့်အရေးတန်းတူရရှိရေး ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လမ်းပန်းဆက်သွယ်မှုများ မပြတ်တောက်စေရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ အကြမ်းဖက်သမားများ၏ တရားမဝင်မူးယစ်ဆေးဝါး သယ်ယူရောင်းဝယ်မှုများကို တားဆီးနိုင်ရေးနှင့် လက်နက်ခဲယမ်းမီးကျောက်သယ်ယူမှုများ တားဆီးနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ အချို့နေရာများရှိ လုံခြုံရေးစခန်းများကို လာရောက်တိုက်ခိုက်မှုများ ရှိကြောင်း၊ မိမိတို့အနေဖြင့် လုံခြုံရေးပိုင်းနှင့်ပတ်သက်၍ လုပ်သင့်လုပ်ထိုက်သည်များကို အရှိန်အဟုန်မြှင့်၍ ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ရှေ့လုပ်ငန်းစဉ် ဒုတိယအချက်ဖြစ်သည့် နိုင်ငံ့စီးပွားမြင့်မားရေး ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်သဖြင့် ၎င်းလုပ်ငန်းများတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏ GDP များလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးများ တိုးတက်ရန်လိုကြောင်း၊ မိမိတို့၏ အဓိကစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူချိန်မှစ၍ အချို့ပြည်ပနိုင်ငံများနှင့် အဖွဲ့အစည်းများအနေဖြင့် စီးပွားရေးနှင့်ပတ်သက်၍ အကြောင်းအမျိုးမျိုးဖြင့် ပိတ်ဆို့မှုများရှိကြောင်း၊ အလားတူ နယ်စပ်ကုန်သွယ်ရေးကို ထိခိုက်စေရန်အတွက် အကြမ်းဖက်သမားများအနေဖြင့် နယ်စပ်ဒေသများတွင် တိုက်ပွဲများဖြစ်ပေါ်အောင် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်ခဲ့သည်ကို တွေ့ရကြောင်း။

**ကုန်ထုတ်လုပ်မှုများတိုးတက်အောင် ဆောင်ရွက်နိုင်ရန်လို**

ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် Normal Trade ဖြင့် ဆောင်ရွက်သည်ဖြစ်စေ၊ နယ်စပ်ကုန်သွယ်ရေးဖြင့် ဆောင်ရွက်သည်ဖြစ်စေ မိမိတို့အနေဖြင့် ပြည်ပသို့တင်ပို့နိုင်သည့် ကုန်ထုတ်လုပ်မှုများတိုးတက်အောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ပြီးခဲ့သည့်နှစ်များအတွင်း စိုက်ပျိုးရေးလုပ်ငန်းများကို အပြည့်အဝ စိုက်ပျိုးထုတ်လုပ်နိုင်မှုမရှိခဲ့သည်ကို တွေ့ရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင်ဆောင်ရွက်သကဲ့သို့ သီးထပ်စွမ်းအားများ တိုးတက်လာအောင် ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးကဏ္ဍသည် များစွာတိုးတက်လာမည်ဖြစ်ပြီး ပို့ကုန်များ ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကောင်စီဝင်များအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧကပန်းတိုင်ရည်မှန်းချက်များ ပြည့်မီအောင် ထွက်ရှိစေရေးနှင့် သီးထပ်စွမ်းအားများ တိုးတက်လာစေရေး ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း။

ငွေကြေးအရင်းအနှီး တတ်နိုင်သူများအနေဖြင့်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်မည်ဆိုပါကလည်း နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်မည်ဖြစ်ကြောင်း၊ အသားစားကြက်၊ ဥစားကြက်၊ အသားစားနွား၊ နို့စားနွား၊ အသားတိုး ဝက်နှင့် ဆိတ်မွေးမြူရေးလုပ်ငန်းများသည်လည်း အမြတ်အစွန်းရသည့်လုပ်ငန်းများဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်မည်ဆိုပါက နိုင်ငံအတွက်လည်း အကျိုးရှိမည်ဖြစ်ကြောင်း၊ သီးနှံများစိုက်ပျိုးရာတွင်လည်း စနစ်တကျဖြင့် စိုက်ပျိုး၍ ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက အမြတ်အစွန်းများရရှိမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းဆောင်ရွက်သူနှင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် စိုက်ဧကများ တိုးချဲ့ခြင်းထက်ရှိပြီးသား စိုက်ပျိုးမြေများကို အကျိုးရှိစွာဖြင့် အသုံးချရန်လိုကြောင်း။

ငွေကြေးတတ်နိုင်သူများအနေဖြင့် အကျိုးအမြတ်မြိုးမြိုးမြက်မြက်ရသည့် လုပ်ငန်းများကိုသာ အားသန်ကြကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးတွင်လည်း ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေးအတွက် အထောက်အကူပြုမည့်အပြင် ပုဂ္ဂလိကအကျိုးစီးပွားကိုလည်း ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ဥပမာအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ စိစစ်ချက်အရ ငွေကျပ်သိန်း ၄၀၀၀ ရင်းနှီးမြှုပ်နှံ၍ ဥစားကြက်ကောင်ရေ ၁၀၀၀၀ ကို ဥသက်တမ်းကာလ ၂၀ လအထိ မွေးမြူမည်ဆိုပါက အမြတ်ငွေ ကျပ်သိန်း ၇၀၀ ကျော်၊ အသားတိုးကြက်ကောင်ရေ ၁၇၀၀၀ မွေးမြူမည်ဆိုပါက အမြတ်ငွေကျပ်သိန်း ၅၀၀ ကျော်၊ အသားတိုးဝက် အကောင်ရေ ၄၀၀ မွေးမြူမည်ဆိုပါက အမြတ်ငွေကျပ်သိန်း ၂၅၀ ခန့်၊ အသားတိုးဆိတ် အကောင်ရေ ၅၀၀ မွေးမြူမည်ဆိုပါက အမြတ်ငွေ ကျပ်သိန်း ၁၅၀ ခန့်၊ နို့စားနွားအကောင်ရေ ၈၀ ကို ၂ နှစ်အကြာ မွေးမြူမည်ဆိုပါက အမြတ်ငွေကျပ်သိန်း ၁၇၀၀ ကျော်၊ အသားစားနွားအကောင်ရေ ၈၀ ကို မွေးမြူမည်ဆိုပါက ကျပ်သိန်း ၂၀၀ ကျော်ရရှိမည်ဟု တွက်ချက်မှုများအရ သိရှိရကြောင်း။

အလားတူ စိုက်ပျိုးရေးလုပ်ငန်းတွင် ကျပ်သန်း ၄၀၀ ရင်းနှီးမြှုပ်နှံ၍ အစေ့ထုတ်ပြောင်း ဧက ၅၀၀ စိုက်ပျိုးမည်ဆိုပါက အမြတ်ငွေကျပ်သန်း ၅၀ ခန့်၊ ပဲပုပ် ဧက ၈၀၀ စိုက်ပျိုးမည်ဆိုပါက အမြတ်ငွေကျပ်သန်း ၃၂၀ ခန့်၊ နေကြာ ဧက ၆၄၀ စိုက်ပျိုးမည်ဆိုပါက အမြတ်ငွေကျပ်သန်း ၁၇၀ ကျော်၊ ကြက်သွန်နီ ဧက ၂၀၀ စိုက်ပျိုးမည်ဆိုပါက အမြတ်ငွေကျပ်သန်း ၅၀၀၊ ကြက်သွန်ဖြူ ဧက ၁၆၀ စိုက်ပျိုးမည်ဆိုပါက အမြတ်ငွေ ကျပ်သန်း ၅၀၀ ကျော် ရရှိမည်ဟု တွက်ချက်မှုများအရ သိရှိရကြောင်း။

**မွေးမြူရေးလုပ်ငန်းများကို တိုးတက်ထုတ်လုပ်**

မိမိတို့၏ အိမ်နီးချင်းနိုင်ငံများတွင်လိုအပ်လျက်ရှိသည့် စားသောက်ကုန်များကို လေ့လာကြည့်ရာ ၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံအနေဖြင့် ပဲပုပ်တန်ချိန် ၉၂ သန်း၊ ၂၀၂၃ ခုနှစ်တွင် ၉၄ သန်းကို ဘရာဇီးနှင့် ဥရုဂွေးနိုင်ငံတို့မှ တင်သွင်းခဲ့ရကြောင်း၊ ၂၀၂၁ ခုနှစ်အမဲသားတန်ချိန် ၂ ဒသမ ၃ သန်း၊ ၂၀၂၃ ခုနှစ်တွင် ၂ ဒသမ ၇ သန်းကိုတင်သွင်းခဲ့ရပြီး အခြားအသားငါးများကိုလည်း ပြည်ပမှ တင်သွင်းခဲ့ရသည်ဟု ၎င်းတို့၏ ထုတ်ပြန်ချက်များအရသိရှိရကြောင်း၊ အလားတူ အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့သည်လည်း ကြက်သွန်နီနှင့် ကြက်သွန်ဖြူကို အသုံးများသည့် နိုင်ငံများဖြစ်သဖြင့် ဈေးကွက်လိုအပ်ချက်များ ရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် ပဲပုပ်နှင့် ကြက်သွန်နီ၊ ကြက်သွန်ဖြူများကို ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးတက်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ၎င်းသည် ဥပမာအနေဖြင့် ရှင်းလင်းပြောကြားခြင်းသာဖြစ်ပြီး အခြားဈေးကွက် လိုအပ်ချက်များစွာရှိနေသေးသည်ကို သိရှိနိုင်ရန်ဖြစ်ကြောင်း။

ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များသည် ခိုင်မာသည့်ဈေးကွက်ရှိပြီးဖြစ်ကြောင်း၊ နိုင်ငံစားရေရိက္ခာရေးကိုအထောက်အကူပြုစေနိုင်သကဲ့သို့ ပြည်ပသို့ ပို့ကုန်များ ပိုမိုတင်ပို့နိုင်သောကြောင့် ပြည်ပဝင်ငွေများ ပိုမိုရရှိစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ငွေကြေးတတ်နိုင်သည့် လုပ်ငန်းရှင်များအနေဖြင့် သေချာသည့်လုပ်ငန်းများဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြစေလိုကြောင်း။

*စာမျက်နှာ ၄ သို့*

❖ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းဆောင်ရွက်သူနှင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် စိုက်ဧကများ တိုးချဲ့ခြင်းထက် ရှိပြီးသားစိုက်ပျိုးမြေများကို အကျိုးရှိစွာဖြင့် အသုံးချရန်လို**

*စာမျက်နှာ ၃ မှ*

နိုင်ငံ၏ စားသုံးဆီလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဆီထွက်သီးနှံများကိုလည်း သတ်မှတ်ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းများ အတိုင်း ထွက်ရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိုးစပါးစိုက်ပျိုးပြီးစီးသည့်အချိန်တွင် မည်သည့်သီးနှံမှမစိုက်ဘဲ ကျန်ရှိသည့် လယ်မြေဧက ၄ သန်းခန့်မှ နေကြာစိုက်ပျိုး၍ရသည့် မြေနေရာများတွင် နေကြာကို စိုက်ပျိုးမည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများဖြစ်သည့် နေကြာ၊ မြေပဲ၊ နှမ်းတို့အပြင် ပဲပုပ်မှလည်း ဆီထုတ်လုပ်၍ရသဖြင့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်အောင်လည်း ဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးမှုကိုသာမက ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချနိုင်ကြောင်း၊ သီးနှံများတွင် ကြက်သွန်နီနှင့် ကြက်သွန်ဖြူစိုက်ပျိုးမှုများကိုလည်း အထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပပို့ကုန်များ တိုးတက်လာမည်ဖြစ်ကြောင်း။

**ငွေဈေးတည်ငြိမ်ရန် အရေးကြီး**

ပြီးခဲ့သည့် ဧပြီလအတွင်း ရွှေဈေးနှင့် ငွေကြေးဈေးနှုန်းများ သဘာဝမကျဘဲ အဆမတန် ပြောင်းလဲလာသည်ကို တွေ့ရပြီး ဝိသမစီးပွားရေးသမားများ အနေဖြင့် ငွေကြေးတန်ဖိုး ကမောက်ကမဖြစ်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဈေးနှင့် ငွေကြေးဈေးများသည် ရှိသင့်ရှိထိုက်သည့်၊ ဖြစ်သင့်သည့်ဈေးနှုန်းသို့ တဖြည်းဖြည်းကျဆင်းရှိလာခဲ့ပြီဖြစ်ကြောင်း၊ ယခင်ကလည်း စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများ၊ ဘဏ်စနစ်များပြိုလဲအောင် လုပ်ဆောင်မှုများနှင့် ငွေကြေးကမောက်ကမဖြစ်အောင် ဆောင်ရွက်ခြင်းများကို မိမိတို့အနေဖြင့် ကြုံတွေ့ခဲ့ရပြီး ထိုသို့သော အခက်အခဲအကျပ်အတည်းများကြားမှ နိုင်ငံ့စီးပွားရေးအတိုင်းအတာတစ်ခုအထိ ပြန်လည်ဦးမော့လာအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အလားတူ အိမ်ရာမြေဝယ်ယူခြင်းနှင့် ပတ်သက်၍လည်း တရားမဝင်ရရှိလာသည့် ငွေကြေးများဖြင့် ပြည်ပနိုင်ငံများတွင် အိမ်ရာမြေဝယ်ယူခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသောကြောင့် လိုအပ်သည့်စည်းကမ်း ဥပဒေနှင့်အညီ စိစစ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် ရွှေနှင့် ငွေကြေးဈေးနှုန်းများသည် မည်သို့မျှ မဖြစ်နိုင်သည့်ဈေးနှုန်းများဖြစ်ပြီး ငွေတန်ဖိုးကျဆင်းစေရေး ဈေးနှုန်းများကို ဆွဲတင်၍ တိုင်းပြည်၏စီးပွားရေးကျဆင်းမှုရှိစေရန် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ငွေကြေးတန်ဖိုးတက်ခြင်း၊ ကျခြင်းထက် ငွေကြေးခိုင်မာမှုရှိစေရန် လိုအပ်မည်ဟု မိမိအနေဖြင့် ထင်မြင်မိပါကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေး ကျဆင်းစေရန်ရည်ရွယ်၍ အဘက်ဘက်မှ ဝိုင်းဝန်းတိုက်ခိုက်နေကြခြင်းဖြစ်သဖြင့် ငွေဈေးတည်ငြိမ်ရန် အရေးကြီးကြောင်း။

**တွေ့ဆုံဆွေးနွေးမှုများပြုလုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိ**

ရှေ့လုပ်ငန်းစဉ် တတိယအချက်ဖြစ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)နှင့်ပတ်သက်၍ မိမိတို့အနေဖြင့် စာချုပ်ပါ သဘောတူညီချက်များအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ သဘောတူစာချုပ်လက်မှတ်ရေးထိုးထားသည့် အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ယာယီအားဖြင့် အပစ်အခတ်ရပ်စဲရန် သဘောတူညီထားသည့် လက်နက်ကိုင်အဖွဲ့အချို့သည် သဘောတူညီချက်များအပေါ် ချိုးဖောက်လာမှုများအား တွေ့မြင်လာရကြောင်း၊ သို့သော်လည်း မိမိတို့အနေဖြင့် တိုင်းရင်းသားပေါင်းစုံ အတူတကွပေါင်းစည်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်သည့်အတွက် ပြည်ထောင်စုအကျိုးကိုကြည့်၍ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်လျက်ရှိပြီး ခုခံကာကွယ်သည်မှအပ ၎င်းတို့၏ တပ်စခန်းများကို တိုက်ခိုက်ခြင်းများ မပြုလုပ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ မကြာမီကာလအတွင်း နိုင်ငံရေးပါတီများ၊ သဘောတူစာချုပ်လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

❖ **ပြီးခဲ့သည့် ဧပြီလအတွင်း ရွှေဈေးနှင့် ငွေကြေးဈေးနှုန်းများ သဘာဝမကျဘဲ အဆမတန် ပြောင်းလဲလာသည်ကို တွေ့ရပြီး ဝိသမစီးပွားရေးသမားများအနေဖြင့် ငွေကြေးတန်ဖိုး ကမောက်ကမဖြစ်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်**

❖ **ထို့ကြောင့် လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဈေးနှင့် ငွေကြေးဈေးများသည် ရှိသင့်ရှိထိုက်သည့်၊ ဖြစ်သင့်သည့်ဈေးနှုန်းသို့ တဖြည်းဖြည်းကျဆင်းရှိလာခဲ့ပြီဖြစ်၊ ယခင်ကလည်း စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများ၊ ဘဏ်စနစ်များပြိုလဲအောင် လုပ်ဆောင်မှုများနှင့် ငွေကြေးကမောက်ကမဖြစ်အောင် ဆောင်ရွက်ခြင်းများကို မိမိတို့အနေဖြင့် ကြုံတွေ့ခဲ့ရပြီး ထိုသို့သော အခက်အခဲအကျပ်အတည်းများကြားမှ နိုင်ငံ့စီးပွားရေးအတိုင်းအတာတစ်ခုအထိ ပြန်လည်ဦးမော့လာအောင် ဆောင်ရွက်နိုင်ခဲ့**

❖ **မိမိတို့နိုင်ငံ၏ စီးပွားရေး ကျဆင်းစေရန်ရည်ရွယ်၍ အဘက်ဘက်မှ ဝိုင်းဝန်းတိုက်ခိုက်နေကြခြင်းဖြစ်သဖြင့် ငွေဈေးတည်ငြိမ်ရန် အရေးကြီး**

**မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရန်လို**

ရှေ့လုပ်ငန်းစဉ် စတုတ္ထအချက်ဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်ဖြင့် တည်ဆောက်ရေး ဆောင်ရွက်ရာ၌ မိမိတို့တာဝန်ယူချိန်မှစ၍ အုပ်ချုပ်ရေးပိုင်းဆိုင်ရာတွင် ခရိုင်များကို တိုးချဲ့ဖွဲ့စည်းပေးခဲ့ပြီး ထိရောက်သည့်အုပ်ချုပ်ရေးကို ဖော်ဆောင်ပေးခဲ့ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်၊ ခရိုင်အလိုက် မိမိတို့ရရှိထားသည့် လုပ်ပိုင်ခွင့်များကို အသုံးချ၍ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်ထောင်စုအနေဖြင့် လိုအပ်သည့် မူဝါဒများကို ချမှတ်ပေးမည်ဖြစ်ကြောင်း၊ အဆင့်အလိုက်တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် လုပ်ငန်းများကို ရဲရဲဝံ့ဝံ့ဆောင်ရွက်ကြရန်လိုပြီး စီးပွားရေးအရ၊ နိုင်ငံရေးအရ၊ လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ကြရာတွင် အချို့ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြောင်းပြ၍ စိုက်ပျိုးမြေများကို အခြားနည်းဖြင့် အသုံးချခြင်းများ တွေ့ရှိရသဖြင့် မြေယာအသုံးချမှုနှင့်ပတ်သက်၍ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ ခွင့်ပြုချက်များနှင့်အညီသာ ဖြစ်ရန်လိုကြောင်း၊ လယ်မြေ၊ လယ်ယာမြေ၊ မြေလွတ်မြေရိုင်း အသုံးချမှုတို့နှင့်ပတ်သက်၍ မိမိတို့အား ခွင့်ပြုပေးထားသည့်အတိုင်းသာဖြစ်ရန်လိုပြီး အခြားနည်းများဖြင့် အသုံးချမှုများမဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**အေးချမ်းစွာဖြင့် ပညာသင်ကြားနိုင်ရေးဆောင်ရွက်**

ပညာရေးနှင့်ပတ်သက်၍ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး၊ KG+9 အထိ မသင်မနေရသင်ကြားနိုင်ရေးတို့အတွက် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး KG+12 အထိ ကျောင်းသုံးစာရေးကိရိယာများကို အခမဲ့ထောက်ပံ့ပေးထားကြောင်း၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့ရှိ အချို့သောကျောင်းများ အနေဖြင့် ဖွင့်လှစ်နိုင်ခြင်းမရှိကြောင်း၊ ယမန်နေ့အထိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူ ၇ သန်းနီးပါး ကျောင်းတက်ရောက်သည်ဟု တင်ပြချက်များအရ သိရှိရကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ အသက်ပိုင်းခြားအရ ကျောင်းတက်ရောက်ရန် လိုအပ်မှုများ ရှိနေသေးကြောင်း၊ မိမိတို့တာဝန်ယူချိန်တွင် ပညာရေးဝန်ထမ်းများ CDM လှုပ်ရှားမှုတွင် ပါဝင်သွားခဲ့ပြီး ပညာရေးဝန်ထမ်းများ ပြည့်မီစွာ ခန့်အပ်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကာ အချိန်ကာလတစ်ခုထိ ပြန်လည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကျောင်းများ၏ သင်ကြားရေးနှင့် ပတ်သက်၍လည်း စောင့်ကြည့်ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ငွေကြေးကောက်ခံမှုများ စနစ်တကျရှိရန် လိုနေကြောင်း၊ မဖွင့်ရသေးသည့် ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ဖွင့်ပြီးသည့်ကျောင်းများအားလုံး အေးချမ်းစွာဖြင့် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သင်ကြားရေးတာဝန် ထမ်းဆောင်နေသည့် ပညာရေးဝန်ထမ်းများ၏ လုံခြုံရေးနှင့်ပတ်သက်၍လည်း ဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ပြီး လိုအပ်သည့် ချီးမြှင့်မှုများကိုလည်း ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထို့အတူ ကျန်းမာရေးနှင့် ပတ်သက်၍လည်း လစ်လပ်သွားခဲ့သည့် ကျန်းမာရေးဝန်ထမ်းများ ပြည့်မီစွာ ပြန်လည်ခန့်အပ်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆရာဝန်မရှိသည့် ဆေးရုံဟူ၍မရှိစေရေး မိမိတို့အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီး အခြေခံအားဖြင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပေးနိုင်သည့်သူများပင်ဖြစ်ကြောင်း။

ရှေ့လုပ်ငန်းစဉ် ပဉ္စမအချက်ဖြစ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးပင်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုကြောင့် နိုင်ငံ့သမိုင်းတွင် အလွန်ဆိုးရွားသည့် အမည်းစက်ဖြစ်ခဲ့ရသည့် အဖြစ်မျိုး ထပ်မံမဖြစ်စေရေး အဖြစ်နိုင်ဆုံး မဲစာရင်းမှန်ကန်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲစာရင်းများမှန်ကန်မှုရှိစေရေးအတွက် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာလတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အောင်မြင်စွာကောက်ယူနိုင်ရေးနှင့် စာရင်းကောက်ယူရာတွင် တွေ့ကြုံလာနိုင်သည့် အခက်အခဲများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာနှင့် သန်းခေါင်စာရင်းကောက်ယူပြီးမှသာ လူဦးရေစာရင်းထွက်လာမည်ဖြစ်ကာ မဲစာရင်းများ ပြုစုနိုင်မည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းများ အပြည့်အဝကောက်ယူနိုင်မှသာ မှန်ကန်သည့်မဲစာရင်းများရရှိမည်ဖြစ်ပြီး ရွေးကောက်ပွဲကို မှန်ကန်စွာပြုလုပ်နိုင်မည် ဖြစ်ပါကြောင်း။

**ရွေးကောက်ပွဲအောင်မြင်မှုရှိစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

မြေပြင်ကွင်းဆင်းကောက်ယူရန် အခက်အခဲရှိသည့်နေရာများ၌လည်း မြေပြင်တွင်ရှိသည့် စာရင်းများနှင့် အတတ်နိုင်ဆုံး၊ အနီးစပ်ဆုံး စာရင်းကိုက်ညီမှုရရှိသည်အထိ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေပြင်ရှိ စာရင်းကို ဦးစာပေးကောက်ယူသွားမည်ဖြစ်ကြောင်း၊ ကောက်ယူ၍ ရနိုင်သည့်မြို့ရွာများကို ဦးစွာကောက်ယူ၍ ဆက်စပ်မြို့နယ်များကို လုံခြုံရေးရယူ၍ ဆက်လက်ကောက်ယူသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ရာတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)နှင့်အညီ ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးသည် မိမိတို့၏ အန္တိမရည်မှန်းချက်ပင်ဖြစ်သည့်အတွက် မဖြစ်ဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကောင်စီဝင်များအနေဖြင့်လည်း ရှေ့လုပ်ငန်းစဉ်များ အောင်မြင်မှုရရှိစေရေး၊ ရွေးကောက်ပွဲအောင်မြင်မှုရှိစေရေး မိမိတို့လုပ်ဆောင်နိုင်သည်မှန်သမျှကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကွင်းဆင်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ နိုင်ငံတော်၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးမူဝါဒများ ရှင်းလင်းပြောကြားခဲ့မှု၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ပြုမှု၊ တည်ထောင်ခွင့်ပြုမှုနှင့် စိစစ်ဆောင်ရွက်ရန် ကျန်ရှိမှုအခြေအနေများ၊ နိုင်ငံတော်၏ စီးပွားရေးမတည်မငြိမ်ဖြစ်စေရန်၊ စီးပွားရေးဖောင်းပွစေရန်၊ ရွှေဈေးကွက်နှင့် နိုင်ငံခြားငွေကြေး မတည်မငြိမ်ဖြစ်စေရန် ဆောင်ရွက်ခဲ့သူများကို ဖော်ထုတ်အရေးယူခဲ့မှု၊ ယခုနှစ်ကျောင်းများ ဖွင့်လှစ်နိုင်မှုနှင့် ကျောင်းအပ်နှံမှု၊ လက်နက်ခဲယမ်းနှင့် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မိုးရာသီကာလတွင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ စိုက်ပျိုးရေးတောင်သူများ ပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တာဝန်ရှိသူများအနေဖြင့် တောင်သူများကို မျိုး၊ သွင်းအားစု၊ နည်းပညာကိစ္စရပ်များတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသည် တိုင်းပြည်အတွက် သေချာသည့် စီးပွားရေးတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ပန်းတိုင်အထွက်နှုန်းများ ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်သူများ နေ့စဉ်အသုံးပြုနေသည့် စားကုန်၊ သောက်ကုန်၊ သုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်နိုင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် လူကြောင့်ဖြစ်သည့် ဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးထိခိုက်မှုများစွာရှိကြောင်း၊ ထိုသို့ ပျက်စီးဆုံးရှုံးမှုများ မရှိစေရန်နှင့် အနည်းဆုံးဖြစ်စေရန်

*စာမျက်နှာ ၅ သို့*

စာမျက်နှာ ၄ မှ

ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စာသင်ကျောင်းများ ဖွင့်လှစ်သည့် ဒေသများအားလုံးတွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းတက်နိုင်ရေးနှင့် ပညာရေးလမ်းကြောင်းပေါ်တွင် ရောက်ရှိရေး ဦးစားပေး ဆောင်ရွက်ကြစေလိုကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

**❍ နိုင်ငံတစ်ခု ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍသည်အရေးကြီး၊ ကိုယ့်ကိုယ်ကိုယ် ပညာမတတ်အောင် လုပ်ဆောင်ခြင်းသည် ကိုယ့်ကိုယ်ကိုယ်ဖျက်ဆီးခြင်း ဖြစ်သကဲ့သို့ နိုင်ငံတော်ကို ဖျက်ဆီးခြင်းဖြစ်၊ ပညာရေးကဏ္ဍကို ဖျက်ဆီးနေသည့်လုပ်ရပ်ထက် အောက်တန်းကျသော လုပ်ရပ်မရှိ၊ ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသားများကို ပညာတတ်များ ဖြစ်အောင် ဆောင်ရွက်ပေးကြရန်လို**

### အကြမ်းဖက်အဖျက်သမားများကို ကာကွယ်ထိန်းသိမ်းရန်လို

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ **နိုင်ငံတစ်ခုတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတွင် နေထိုင်ကြသူများက ဆောင်ရွက်ရခြင်းဖြစ်သကဲ့သို့ နိုင်ငံကို ပျက်စီးအောင်လည်း အဖျက်သမားစိတ်ဓာတ်ရှိသည့် ၎င်းနိုင်ငံသားများကပင် အဓိကပြုလုပ်ခြင်းဖြစ်**ကြောင်း၊ အလားတူပင် ဒေသတစ်ခုပျက်စီးစေရန်အတွက် လုပ်ဆောင်ကြသူများမှာ အဆိုပါဒေသတွင် နေထိုင်ကြသည့် ဒေသခံအဖျက်သမားအကြမ်းဖက်များပင် ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖြစ်ပေါ်နေသည့် အကြမ်းဖက်လုပ်ရပ်များကို အဆိုပါဒေသတွင် နေထိုင်ကြသည့် ဒေသခံအကြမ်းဖက်များက လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ အခြားဒေသတွင်နေထိုင်သူများက လာရောက်လုပ်ဆောင်နိုင်ခြင်းမရှိကြောင်း၊ မိမိဒေသကိုဖျက်ဆီးနေသူများ ဖြစ်ကြောင်း၊ ဥပမာပေးရမည်ဆိုပါက **"အရိပ်နေနေ၊ အခက်ချိုးချိုး"** ပြုလုပ်နေသူများဖြစ်ကြောင်း၊ ၎င်းကဲ့သို့ အကြမ်းဖက်အဖျက်သမားများကို လူထုအားဖြင့် ကာကွယ်ထိန်းသိမ်းရန်လိုကြောင်း၊ ကောင်စီဝင်များအနေဖြင့် ရောက်ရာဒေသများတွင် ၎င်းအချက်ကို ပြည်သူလူထု သဘောပေါက်နားလည်အောင် အလေးထား ဆောင်ရွက်ရန်လိုကြောင်း။

နိုင်ငံတစ်ခု ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍသည် အရေးကြီးကြောင်း၊ ကိုယ့်ကိုယ်ကိုယ် ပညာမတတ်အောင် လုပ်ဆောင်ခြင်းသည် ကိုယ့်ကိုယ်ကိုယ်ဖျက်ဆီးခြင်း ဖြစ်သကဲ့သို့ နိုင်ငံတော်ကို ဖျက်ဆီးခြင်းဖြစ်ကြောင်း၊ ပညာရေးကဏ္ဍကို ဖျက်ဆီးနေသည့် လုပ်ရပ်ထက် အောက်တန်းကျသော လုပ်ရပ်မရှိကြောင်း၊ ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသားများကို ပညာတတ်များ ဖြစ်အောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များစွာ ရှိရန်လိုအပ်ကြောင်း၊ နိုင်ငံတွင် ပညာမတတ်သူများလာပါက နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျသွားနိုင်ကြောင်း၊ အလားတူ အတန်းပညာများရှိရန် လိုသကဲ့သို့ စာပေများကိုလည်း ဖတ်ရှုလေ့လာနေရန်လိုကြောင်း။

မိမိအနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ထမ်းဆောင်ချိန်တွင် ပညာရေးအားနည်းသည့် တပ်မတော်သားများအား စာတတ်မြောက်ရေးအတွက် ၂၀၁၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ၆ နှစ်ကြာ အချိန်ယူဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ တကယ်လုပ်လျှင် တကယ်ဖြစ်ကြောင်း၊ ပြည်သူများအားလုံး စာတတ်နိုင်စေရန်၊ စာဖတ်နိုင်စေရန်နှင့် အတန်းပညာများ မြင့်မားစေရန်အတွက် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကောင်စီဝင်များအနေဖြင့် မိမိတို့ရောက်ရှိသည့်နေရာတိုင်းတွင် ပြည်သူများ စာဖတ်လာအောင်၊ ပညာတတ်လာအောင် အသိပညာပေးကြစေလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ သာသနာရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာမည်



**နေပြည်တော် ဇွန် ၇**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၂/၂၀၂၄)ကို ယမန်နေ့မွန်းလွဲပိုင်းက တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသဆိုင်ရာ သာသနာရေးနှင့် ယဉ်ကျေးမှု ဆပ်ကော်မတီဥက္ကဋ္ဌများ၊ လုပ်ငန်းဆပ်ကော်မတီဝင်များ ဖြစ်ကြသည့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီ ဥက္ကဋ္ဌ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က မိမိတို့ လုပ်ငန်းဆပ်ကော်မတီကို ပေးအပ်ထားသည့်တာဝန် (၁၃) ရပ်သည် မိမိတို့ ပြည်ထောင်စုအတွင်းတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား လူမျိုးများ၏ ဘာသာသာသနာကို ထွန်းကားပြန့်ပွားစေရေးနှင့် ရိုးရာဓလေ့ ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရေး အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို ပေါင်းစပ်ထားခြင်း ဖြစ်ကြောင်း၊ ဆပ်ကော်မတီဝင် ဦးစီးဌာနများ၏ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ သာသနာရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆပ်ကော်မတီဝင် ဦးစီးဌာနများ အနေဖြင့် မိမိတို့၏ လျာထား လုပ်ငန်းစီမံကိန်းများကို သတ်မှတ်ကာလအတွင်း ပြီးမြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသဆိုင်ရာ သာသနာရေးနှင့်ယဉ်ကျေးမှု ဆပ်ကော်မတီဥက္ကဋ္ဌများ၊ ဆပ်ကော်မတီဝင် ဌာနများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လျာထားမှုနှင့် လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးနှင့် တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် အစည်းအဝေး ဆုံးဖြတ်ချက် (၈) ချက်ချမှတ်၍ တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်မည့် ဦးစီးဌာနများကို အတည်ပြုကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်ဆည်မြို့၌ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်း လူထုအသိပညာပေး Bill Board စိုက်ထူ

**ကျောက်ဆည် ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ လူထုအသိပညာပေး Bill Board စိုက်ထူခြင်း အခမ်းအနားကို ဇွန် ၆ ရက်က စုကြီးရပ်ကွက် မြို့တော်ခန်းမရှေ့၌ ပြုလုပ်သည်။

ဦးစွာ ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ရဲဝင်းထွန်း၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး ရွှေဦး၊ ခရိုင်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်ဆည်ခရိုင်ဦးစီးမှူး ဦးစိုးပိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်ဦးတို့က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်း ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ လူထု အသိပညာပေး Bill Board ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာ များ ပက်ဖျန်းပေးကြသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးနှင့် မြို့နယ်ဦးစီးမှူးရုံးတို့မှ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ပြည်သူ အားလုံးပါဝင်လို့ သန်းခေါင်စာရင်း ကောက်ကြစို့ လူထုအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## Junior Development Program ပန်းလှိုင်ဂေါက်ကွင်း၌ ပြုလုပ်




**ရန်ကုန် ဇွန် ၇**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်က စီစဉ်ပြုလုပ်သည့် Junior Development Program ကို ဇွန် ၇ ရက်မှစ၍ သုံးရက်ကြာပြုလုပ် လျက်ရှိသည်။

အဆိုပါ Program တွင် မြန်မာ့လက်ရွေးစင်ဂေါက်သီးရိုက်ကစား သမားများကို နည်းပြအဖြစ် ဆောင်ရွက်ပေးနေသည့် ထိုင်းပရော်ဖက်ရှင် နယ် ဂေါ့ဖ်ကစားသမား TANAPAT PICHAIKOOL အပါအဝင် Mr. STEPHEN CHICK (GM and PGA Professional ပန်းလှိုင်ဂေါက်ကလပ်) ထိုင်းလက်ရွေးစင် ဂေါက်သီးရိုက်အသင်း လက်ထောက်နည်းပြ Mr. PHUWARIT RUNGPITTAYATHON တို့သုံးဦးက ဂေါက်သီးနည်းစနစ် များဖြစ်သည့် Refining your swing teachnique to enhance consistency and accuracy, Player evaluation & Swing Analysis by utilizing Trackman Technology, Putting, Chipping, Driving Range Drills will provide to each player, By Analyzing, addressing areas of improvement, Simple Course Management, To Optimize performance and achieve scoring targets တို့ကို သင်ကြားပို့ချပေးနေခြင်းဖြစ်သည်။ ယခုအစီအစဉ်ကို ဇွန် ၉ ရက်အထိ ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်သည် Junior Development Program အစီအစဉ်များကို ထပ်မံပြုလုပ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ကိုညီလေး၊ ဓာတ်ပုံ – MGF**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၇**

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်စေရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ် အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီ တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

ယနေ့တွင် ၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

**သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် သစ်ပင်စိုက်ပျိုးပွဲတော်များကို နှစ်စဉ်ကျင်းပပြုလုပ်၍ စိုက်ပျိုးပေးလျက်ရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကား ပြောကြားရာတွင် တပ်မတော်အနေဖြင့် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတော်များကို နှစ်စဉ်ကျင်းပပြုလုပ်၍ သစ်ပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း၊

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ သစ်ပင်စိုက်ပျိုးပွဲတော် ၃၈ ကြိမ် ပြုလုပ်ခဲ့၍ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် သစ်ပင်များကို စိုက်ပျိုးခဲ့ကြကြောင်း၊ တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအပါအဝင်၊ တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များ၌ ၂၀၂၃ ခုနှစ်အထိ သစ်ပင်ပေါင်း (၂၁ ဒသမ ၇၅ သန်း) ၂၁၇၅၃၄၇၇ ပင် စိုက်ပျိုးနိုင်ခဲ့ပြီး ရှင်သန်ဖြစ်ထွန်းမှုအနေဖြင့် (၁၄ ဒသမ ၃၁ သန်း) ၁၄၃၁၇၇၈၄ ပင် ရှင်သန်ဖြစ်ထွန်းခဲ့သည်ကို တွေ့ရပြီး ၆၅ ရာခိုင်နှုန်းခန့် အောင်မြင်မှုရှိခဲ့သည်ကို မှတ်တမ်းများအရ တွေ့ရကြောင်း။

**“ မြန်မာနိုင်ငံအလယ်ပိုင်း ချောက်မြို့အနေဖြင့် ယခုနှစ်နွေရာသီတွင် ကမ္ဘာ့အပူချိန်အမြင့်မားဆုံးမြို့အဖြစ် ပါဝင်ခဲ့သည်ကိုတွေ့ရ၊ မိုးခေါင်ရေရှားဒေသ၊ မြေလတ်ပိုင်းဒေသများ၌ လွန်ခဲ့သည့် နှစ် ၂၀ ခန့်မှစ၍ သစ်တောစိုက်ပျိုးရေး အလေးထားဆောင်ရွက်ခဲ့သော်လည်း သစ်ပင်သစ်တောများ စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ရန် လိုအပ်ခဲ့ခြင်းကြောင့်ဖြစ်၊ ထို့ကြောင့် အပူပိုင်းဇုန် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို စနစ်တကျဖြင့် ပြန်လည်ဆောင်ရွက်နိုင်ရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိ ”**

### သဘာဝဘေးအန္တရာယ်ကို ကြိုတင်ပြင်ဆင်မှုကောင်းစွာ ကာကွယ်ခြင်းဖြင့် ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်စေနိုင်မည်

မြန်မာနိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုအနေဖြင့် ၂၀၂၀ ပြည့်နှစ် ထုတ်ပြန်ချက်အရ နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းသာရှိပြီး တဖြည်းဖြည်း လျော့နည်းလာသည်ကို တွေ့ရှိရသည့်အတွက် အလေးထားရန် မှာကြားလိုကြောင်း၊ “ဥတုရာသီတောကိုမှီ” ဟုဆိုသည့်အတိုင်း ရာသီဥတုမှန်ကန်ကောင်းမွန်ရေးအတွက် သစ်ပင်သစ်တောများကို ထိန်းသိမ်းရန်လိုအပ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် သစ်ပင်သစ်တောများ ခုတ်ထွင်ရှင်းလင်းခြင်း၊ လူနေထိုင်ရာအဆောက်အဦများ ဆောက်လုပ်ရန်၊ မြေအောက်သယံဇာတများ ထုတ်ယူရန်အတွက် သစ်ပင်သစ်တောများကို ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အကြောင်းအမျိုးမျိုးတို့ကြောင့် သစ်ပင်သစ်တောများ ပြုန်းတီးမှု ပိုမိုများပြားလာခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ ကမ္ဘာ့လူဦးရေသည်လည်း တဖြည်းဖြည်း ပိုမိုများပြားလာခဲ့ပြီး လူနှင့်တိရစ္ဆာန်တို့မှ ထွက်ရှိသည့်အပူငွေ့များ၊ စက်ရုံ၊ အလုပ်ရုံများ၊ မော်တော်ယာဉ်များမှ ထွက်ရှိသည့်အပူငွေ့များကြောင့် ရာသီဥတုပြောင်းလဲမှုများဖြစ်ပေါ်ခဲ့ပြီး မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြား၌ ရေကြီးရေလျှံမှုများ၊ မုန်တိုင်းတိုက်ခတ်မှုများ၊ မိုးခေါင်ရေရှားမှုများ စသည်ဖြင့် ရာသီဥတုဖောက်ပြန် ပြောင်းလဲမှု၏ အကျိုးဆက်ကို ကြုံတွေ့ရလျက်ရှိကြောင်း၊ **သဘာဝဘေးအန္တရာယ်ဟူသည်မှာ ရှောင်လွှဲ၍ရနိုင်သည် မဟုတ်သော်လည်း ကြိုတင်ပြင်ဆင် ကာကွယ်မှုကောင်းခြင်းဖြင့် ထိခိုက်ပျက်စီးမှုကို အနည်းဆုံးဖြစ်အောင် ကာကွယ်နိုင်မည်ဖြစ်**ကြောင်း။

မြန်မာနိုင်ငံ အလယ်ပိုင်း ချောက်မြို့အနေဖြင့် ယခုနှစ်နွေရာသီတွင် ကမ္ဘာ့အပူချိန်အမြင့်မားဆုံးမြို့အဖြစ် ပါဝင်ခဲ့သည်ကို တွေ့ရကြောင်း၊ မိုးခေါင်ရေရှားဒေသ၊ မြေလတ်ပိုင်းဒေသများ၌ လွန်ခဲ့သည့် နှစ် ၂၀ ခန့်မှစ၍ သစ်တောစိုက်ပျိုးရေး အလေးထားဆောင်ရွက်ခဲ့သော်လည်း သစ်ပင်သစ်တောများ စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်း လုပ်ငန်းများကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ရန် လိုအပ်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ ထို့ကြောင့် အပူပိုင်းဇုန်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို စနစ်တကျဖြင့်ပြန်လည်ဆောင်ရွက်နိုင်ရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းရမည် ဖြစ်သကဲ့သို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ပြီး ရေစီးရေလာကောင်းမွန်စေရေး၊ ရေကြီးရေလျှံမှုများမဖြစ်ပေါ်စေရေး အမြဲမပြတ်ကြပ်မတ်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ မြစ်ချောင်းများ၌ ရေစီးရေလာကောင်းမွန်စေရေး၊ ရေဝင်ရေထွက်ပိတ်ဆို့မှု မရှိစေရေး စစ်ဆေး ဆောင်ရွက်နေမှသာလျှင် ရေကြီးရေလျှံမှုများမဖြစ်မည်ဖြစ်ကြောင်း၊ **သဘာဝကို ကောင်းအောင် ဖန်တီးသည်မှာ လူသားများပင်ဖြစ်သကဲ့သို့ ဆိုးအောင် ဖန်တီးသည်မှာလည်း လူသားများပင်ဖြစ်သဖြင့် လူသာလျှင် ပဓာနဖြစ်**ကြောင်း၊ သဘာဝသစ်တောထွက် သယံဇာတသစ်များကို စည်းကမ်းစနစ်တကျမဟုတ်ဘဲ အလွန်အကျွံထုတ်ယူသုံးစွဲခြင်းများကို ဆောင်ရွက်ခြင်း၏ အကျိုးဆက်ကို ပြန်လည်ခံစားကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် သစ်ပင်သစ်တောများကို ချစ်မြတ်နိုးကြရန်၊ တစ်ပင်စိုက် တစ်ပင်ရှင်ရမည်ဟူသည့် စိတ်မွေး၍ ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ အစကောင်းမှ အနှောင်းသေချာမည်ဖြစ်ပြီး စနစ်တကျစိုက်ပျိုးထိန်းသိမ်းသွားမည်ဆိုပါက နောင်လာနောက်သားများအတွက် စိမ်းလန်းစိုပြည်သည့် သဘာဝပတ်ဝန်းကျင်ကို ရရှိခံစားစေနိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်ကတည်းက စိုက်ပျိုးခဲ့သည့် အကျိုးဆက်ကို ယခုမိမိတို့မျက်မြင်ခံစားနေရသည်ကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **အနာဂတ်တွင် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့် ရာသီဥတုကို လက်ဆင့်ကမ်းနိုင်ရေး သစ်ပင်များကို စနစ်တကျဖြင့် ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရမည်ဖြစ်**ကြောင်း ပြောကြားသည်။

### နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး တို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်မိသားစုများ၏ စုပေါင်း သစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှု အားပေးကြသည်။

### ၂၀၁၁ ခုနှစ်မှ ၂၀၂၄ ခုနှစ် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲ အထိ ရေဆင်းဆည်ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင်စုစုပေါင်း ၁၉၆၄၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်

ယနေ့ပြုလုပ်သည့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်း ၉၀၉ ပင်၊ ပိတောက် ၃၀၃ ပင်၊ မဟော်ဂနီ ၆၀၆ ပင်၊ မန်ဂျန်ရှား ၆၀၆ ပင် စုစုပေါင်း ၂၄၂၄ ပင်အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၄ ခုနှစ် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း ၃၉ ကြိမ် ကျင်းပပြုလုပ်၍ ရတနာတန်းဝင် ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၉၆၄၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

### တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၆၆၁၈၉ ပင်ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်း စစ်ဌာနချုပ်၌ ၇၄၄၇ ပင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၈၄၃၅ ပင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ ၇၂၀၂ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၇၂၃၉ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၆၀၁၅ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၁၃၅၃၃ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၁၃၃၇၉ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၉၆၅၅ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၁၇၄၈၆ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၇၀၈၆ ပင်၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၌ ၈၃၇၄ ပင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၉၀၀၂ ပင်၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်၌ ၂၉၀၃၀ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၉၈၈၂ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ယနေ့တွင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအပါအဝင်၊ တိုင်းစစ်ဌာနချုပ်အသီးသီးနှင့်တပ်ရင်းတပ်ဖွဲ့များ၌ စုစုပေါင်း သစ်ပင် ၁၆၆၁၈၉ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ် (လေ) ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

# ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တည်ထောင်မှု (၂၇)နှစ်မြောက် အထိမ်းအမှတ်နေ့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက သဝဏ်လွှာပေးပို့

**နေပြည်တော် ဇွန် ၇**

၂၀၂၄ ခုနှစ်၊ ဇွန် ၆ ရက်တွင် ကျရောက်သည့် ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍပေါင်းစုံ၊ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (ဘင်းမ်စတက်)တည်ထောင်မှု (၂၇)နှစ်မြောက် အထိမ်းအမှတ်နေ့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာအား အခြားသော ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များ၏ သဝဏ်လွှာများနှင့်အတူ ဘင်းမ်စတက်အတွင်းရေးမှူးရုံး၏ တရားဝင်ဝက်ဘ်ဆိုက်၌ လွှင့်တင်ထားရှိသည်။

သတင်းစဉ်




# မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်ပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့်အညီ အဖွဲ့ဝင်နိုင်ငံများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားမည့် ခိုင်မာသောကတိကဝတ်ကို ထပ်လောင်းအတည်ပြု

## ဘင်းမ်စတက် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် တည်ထောင်သည့် (၂၇) နှစ်မြောက် အထိမ်းအမှတ်နေ့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပေးပို့သည့်သဝဏ်လွှာ

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍပေါင်းစုံ၊ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ဖွဲ့စည်းတည်ထောင်မှု (၂၇) နှစ် ပြည့်မြောက်သော မင်္ဂလာရှိသည့် အထိမ်းအမှတ်အခါသမယတွင် ကျွန်ုပ်အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများကိုယ်စား ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံအစိုးရများ၊ ပြည်သူများနှင့် ဘင်းမ်စတက်အတွင်းရေးမှူးရုံးတို့ကို ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

(၂၇)နှစ်တာအတွင်း ဘင်းမ်စတက်သည် ၁၉၉၇ ခုနှစ်၊ ဗန်ကောက်ကြေညာစာတမ်းတွင် ပြဋ္ဌာန်းထားသည့် မူဝါဒများကိုအခြေခံသည့် စုပေါင်းဆောင်ရွက်မှုဖြင့် ဒေသတွင်း လူမှု-စီးပွား ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ခြင်း၊ အဖွဲ့အစည်းဆိုင်ရာယန္တရားများကို ခိုင်မာမှုရှိအောင် ဆောင်ရွက်နိုင်ခြင်း စသည့် ထင်သာမြင်သာရှိသော တိုးတက်မှုများ ရရှိခဲ့ပါသည်။

ဘင်းမ်စတက်သည် ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုအတွက် စင်္ကြံတစ်ခုအဖြစ်သာမက အဖွဲ့ဝင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်လေးစားမှုနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများကိုလည်း တိုးတက်ခိုင်မာစေသည့်အတွက် ကျွန်ုပ်အနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါသည်။ ထို့ပြင် အပြန်အလှန်အထောက်အကူ ပြုခြင်းဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းလျက် ဒေသတွင်းလူမှုစီးပွားတိုးတက်ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် ကျွန်ုပ်တို့၏ မြဲမြံသော ကတိကဝတ်များကို ဘင်းမ်စတက်ပဋိညာဉ်စာတမ်းက အထင်အရှားပြသနေပါသည်။

စိန်ခေါ်မှုမျိုးစုံကို ရင်ဆိုင်ဖြေရှင်းရာတွင် ဘင်းမ်စတက်မှုဘောင်အောက်မှ စုပေါင်းအင်အားဖြင့် ကြိုးပမ်းနိုင်ခဲ့သည့်အတွက် ကျွန်ုပ်အနေနှင့် အဖွဲ့ဝင်နိုင်ငံအားလုံးကို အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။ ဘင်းမ်စတက်ပဋိညာဉ်စာတမ်း၏ လမ်းညွှန်မှုဖြင့် ကျွန်ုပ်တို့၏ စည်းလုံးညီညွတ်မှုနှင့်စနစ်တကျ ပူးပေါင်းဆောင်ရွက်မှုများက အနာဂတ်စိန်ခေါ်မှုများကို ဆက်လက်ကျော်လွှားနိုင်မည့် အဓိကအရာများဖြစ်သည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

ယနေ့ ကျရောက်သည့် ဘင်းမ်စတက်၏ (၂၇) နှစ်ပြည့် အထိမ်းအမှတ်အခါသမယတွင် မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်ပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့်အညီ အဖွဲ့ဝင်နိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမည့် ခိုင်မာသော ကတိကဝတ်ကို ထပ်လောင်းအတည်ပြုပါသည်။ ဘင်းမ်စတက်သည် ပိုမိုခိုင်မာ၍ ထိရောက်သောအဖွဲ့အစည်း ဖြစ်လာပါစေကြောင်းနှင့် ဘင်္ဂလားပင်လယ်အော်ဒေသတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**

**နေပြည်တော်**

**၂၀၂၄ ခုနှစ်၊ ဇွန်လ ၆ ရက်။**

# မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်

**မူဆယ် ဇွန် ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ မြန်မာ - တရုတ် နယ်စပ်အဝင်အထွက် ဂိတ်နန်းတော်ဂိတ် (တရုတ်ဘက်)၌ မြန်မာ - တရုတ် ချစ်ကြည်ရေးအဖွဲ့ ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ပြုလုပ်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဆွေးနွေးပွဲတွင် တရုတ်နိုင်ငံ ရွှေလီမြို့တော်ဝန် မစ္စတာ Wen Yang က အဖွင့်စကားပြောကြားသည်။ ထို့နောက် မြန်မာ-တရုတ်ချစ်ကြည်ရေး အသင်းဥက္ကဋ္ဌ ဦးရှင်ဖူက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးသည်။ ဆက်လက်ပြီး တရုတ်နိုင်ငံမှ တာဝန်ရှိသူများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကို ပြောကြားသည်။ ယင်းနောက် မူဆယ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအယ်လ်စိုးထန်တူးက နှစ်နိုင်ငံ အတူတကွနယ်စပ်ဒေသ သစ်တောသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာများ ဆွေးနွေးသည်။ ထို့ပြင် နှစ်နိုင်ငံနယ်စပ်ရှိ နမ့်ဆေးချောင်းအတွင်း အမှိုက်များပိတ်ဆို့မှုမရှိစေရေး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို မြန်မာ - တရုတ် နှစ်နိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဆောင်ရွက်ရမည့် ကိစ္စရပ်များကို (မူဆယ်-ရွှေလီ)တာဝန်ရှိစည်ပင်သာယာအချင်းချင်း ဆွေးနွေးကြသည်။

**သွားရောက်လေ့လာ**

နှစ်နိုင်ငံနယ်စပ်ဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာ - တရုတ် ချစ်ကြည်ရေးအသင်း (မူဆယ်ရုံးခွဲ) က ဦးဆောင်၍ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲအပြီး၌ ရွှေလီခရိုင်အတွင်းရှိ စွန့်ပစ်ပစ္စည်းအမှိုက်များမှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်စက်ရုံ၊ ရေဆိုးများအား သန့်စင်သည့်စက်ရုံများသို့ မြန်မာ - တရုတ် ချစ်ကြည်ရေးအသင်း (မြန်မာ)ကိုယ်စားလှယ်များက သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်



**နေပြည်တော် ဇွန် ၇**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ အသင်းလိုက် ဗိုလ်လုပွဲစဉ်အဖြစ် ကချင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဦးအောင်ကျော်ဟိုးနှင့် ဦးကိုကိုလှိုင်တို့က ၄၂ ကီလိုတန်းအောက် အမျိုးသမီးတစ်ဦးချင်း ဂျူဒိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများ၊ ၄၅ ကီလိုတန်းအောက် အမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယ ဆုရရှိကြသူများနှင့် ၅၀ ကီလိုတန်းအောက် အမျိုးသားပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရန်ကျော်က ၅၅ ကီလိုတန်းအောက် အမျိုးသားပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်းက အမျိုးသား၊ အမျိုးသမီးအသင်းလိုက် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းနှင့် ပူးတွဲတတိယဆုရရှိကြသည့် မန္တလေးတိုင်းဒေသကြီး အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ကို ဂုဏ်ပြုဆုတံဆိပ်နှင့်ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရွှေက အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုနှင့် အမျိုးသားအကောင်းဆုံး အားကစားသမားဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမှုထန်နှင့် ပိုးရယ်အောင်သိန်းတို့က အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသည့် ကချင်ပြည်နယ်အသင်းနှင့် အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူက စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် ကချင်ပြည်နယ်အသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။(ဓာတ်ပုံ)

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲကို မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် မြန်မာ့ဂျူဒိုအားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်း စုစုပေါင်း ပြိုင်ပွဲဝင်အသင်း ၃၀ မှ အသင်းအုပ်ချုပ်သူ/နည်းပြ၊ အားကစားသမားအင်အား စုစုပေါင်း ၂၆၉ ဦးဖြင့် ပြိုင်ပွဲကာလ ဇွန် ၄ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မော်လမြိုင်မြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကျင်းပ



**စစ်တွေ ဇွန် ၇**

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ဇွန် ၅ ရက်က မော်လမြိုင်မြို့ တက္ကသိုလ်(၁၀)မြို့နယ်ဆောင်အနီး၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက သစ်မာအမျိုးအစားများဖြစ်သော ကျွန်း၊ သင်္ကန်း၊ ပျဉ်းကတိုး၊ ပျဉ်းမ၊ မဟော်ဂနီ၊ ယမနေ၊ မန်ကျန်ရှား၊ စိန်ပန်းကြီး၊ ခရေ၊ ကံ့ကော် စသည့် သစ်ပင်အမျိုးအစားများ စိုက်ပျိုးခဲ့ပြီး **(ဃာပုံ)** တက်ရောက်လာသူများ တပျော်တပါး သစ်ပင်စိုက်ပျိုးနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လှည့်လည်ကြည့်ရှုအားပေးသည်။

မွန်ပြည်နယ်အနေဖြင့် သစ်တောဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ် မိုးရာသီတွင် ပြည်နယ်အတွင်းရှိ မြို့နယ်များ၌ လူထုဖြန့်ပျိုးပင် လျာထားချက်အပင်ရေ သုံးသိန်းကို စိုက်ပျိုးထားလျက်ရှိပြီး နှစ်စဉ်နှစ်တိုင်းကျရောက်သည့် မိုးရာသီကာလတွင် သစ်ပင်အမျိုးမျိုးတို့ကို ဒေသစိမ်းလန်းစိုပြည်ရေး၊ သစ်တောသစ်ပင် ပြန်နုတ်တီးမှုများကို ပြန်လည်အစားထိုးနိုင်ရေး ရည်ရွယ်ချက်ကောင်းများဖြင့် သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## ပုသိမ်ကြီးမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး ဆိုင်းဘုတ်စိုက်ထူ

**မန္တလေး ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး ဆိုင်းဘုတ်စိုက်ထူပွဲကို ယနေ့နံနက် ၈ နာရီခွဲက ပုသိမ်ကြီးမြို့ အဝင် နာရီစင်အနီး၌ ကျင်းပသည်။

ရှေးဦးစွာ အသိပညာပေး (Bill board) စိုက်ထူပြီးနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းအောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်မှူး ဦးဌေးလွင်နှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

အဆိုပါ အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ၂၀၂၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေး အသိပညာပေး လက်ကမ်းစာစောင်နှင့် အီလက်ထရောနစ် မှတ်ပုံတင်စနစ် e-ID အကြောင်းပါ အသိပညာပေး လက်ကမ်းစာစောင်များကို ပြည်သူများထံသို့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❏ *ကျောဖုံးမှ*

ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် သွင်းယူသည့်ဂိုးများဖြင့် နှစ်ပွဲဆက်အနိုင်ရခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်း မရှိသော်လည်း ၅၆၊ ၉၀+၁ မိနစ်တွင် ဟိန်းသန့် သွင်းယူသည့် နှစ်ဂိုးဖြင့် ရှမ်းယူနိုက်တက်အသင်းက အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းနှင့် Dagon Port အသင်း တစ်ဂိုးစီသရေကျခဲ့သည်။ လေးမိနစ်တွင် သက်ပိုင်ထွဋ်က Dagon Port အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ဟံသာဝတီအသင်းအတွက် ချေပဂိုးကို ၂၆ မိနစ်တွင် ထွန်းတောက်ဦးက သွင်းယူခဲ့သည်။ စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို ခြောက်ဂိုးပြတ် အနိုင်ရခဲ့သည်။

ပွဲစဉ် (၂) ဒုတိယနေ့ကို ဇွန် ၈ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်း၊ တောင်ဒဂုံကွင်း၌ ဧရာဝတီအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

❍ *ကျောဖုံးမှ*

ပြည်ပတင်ပို့ရန် လျာထားချက်များအတိုင်း ပြည့်မီစွာတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာရေးနှစ် ဧပြီနှင့် မေလများတွင် ပဲမျိုးစုံတန်ချိန် ၄ ဒသမ ၆၆ သိန်းကျော် တင်ပို့ထားနိုင်ခဲ့သည့်အတွက် လျာထားချက်ထက် ကျော်လွန်တင်ပို့နိုင်ခဲ့ပြီး ဇွန်လတွင်လည်း လျာထားချက်ပြည့်မီအောင် တင်ပို့နိုင်ရေး ပဲမျိုးစုံတင်ပို့သည့် ပို့ကုန်လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များ အသင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအတွင်း ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း (အရှေ့/အနောက်) မွန်ပြည်နယ်တို့တွင် မတ်ပဲထွက်ရှိပြီး စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင်လည်း အနည်းငယ်ထွက်ရှိသည်။ ပဲစင်းငုံ (အနီ)ကို စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းဒေသကြီးများတွင် စိုက်ပျိုးပြီး ပဲစင်းငုံ(အဖြူ)မှာ ရှမ်းပြည်နယ်တောင်ပိုင်း၊ စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်များတွင် အနည်းငယ်ထွက်ရှိသည်။ ပဲတီစိမ်းစိုက်ပျိုးထွက်ရှိရာ ဒေသများမှာ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းတို့ဖြစ်ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရသည်။

ပြည်တွင်းမှ ထွက်ရှိသောပဲများကို ၂၀ ရာခိုင်နှုန်းသာ ပြည်တွင်း၌ စားသုံးပြီး ၈၀ ရာခိုင်နှုန်းကို ပြည်ပသို့ တင်ပို့လျက်ရှိပြီး မတ်ပဲနှင့် ပဲတီစိမ်းကို အိန္ဒိယနိုင်ငံ၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ တရုတ်၊ ဂျပန်နှင့် အီးယူနိုင်ငံများသို့ တင်ပို့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ပြည်တွင်းပဲလိုအပ်ချက်များရှိသောကြောင့် ပဲတင်သွင်းမှုကို ဖြေလျှော့ပေးခဲ့ရာ ပဲစင်းငုံ၊ မတ်ပဲနှင့်ပဲနီလေးများကို အကောက်ခွန်ကင်းလွတ်တင်သွင်းခွင့်ကို ယခင်က၂၀၂၄ ခုနှစ် မတ်လအထိ ခွင့်ပြုထားခဲ့ပြီး ယခုအခါ ၂၀၂၅ ခုနှစ် မတ်လအထိ သက်တမ်းတိုးမြှင့်ပေးခဲ့သည့်အတွက် မြန်မာနိုင်ငံမှ ပဲတင်ပို့သူလုပ်ငန်းရှင်များ ဈေးကောင်းရရှိနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရှေးဟောင်းရေစီးလမ်းကြောင်းများ ပြန်လည်ပြုပြင်ထိန်းသိမ်းရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိနိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်လမ်းညွှန်ချက်ပါ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပတ်သက်သည့် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးနှင့် ဖိတ်ကြားထားသည့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အလယ်ရေလမ်းကြောင်း (၁) ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူမည်ဖြစ်ပြီး မြကန်ဘက်မှ ကြည့်လျှင် ညာဘက်ရှိရေလမ်းကြောင်း (၂)ကို နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဘယ်ဘက်ခြမ်းရှိ ရေလမ်းကြောင်း(၃)ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မိုးမကျမီ မြန်မြန်ဆန်ဆန် ဆောင်ရွက်ရန်လိုကြောင်း၊ ရေလမ်းကြောင်းများကို ရေဝတီမြစ်ဘက်မှစတင်၍ ဦးစားပေးရှင်းလင်းရန် လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ရေလမ်းကြောင်းသုံးခုနှင့် ချိတ်ဆက်နေသည့်ကန်များကို ဦးစားပေးပြုပြင်မွမ်းမံရမည်ဖြစ်ကြောင်း၊ ချိတ်ဆက်မှုမရှိသော ရေကန်များအနက် ဒေသခံပြည်သူလူထုကို အကျိုးပြုသည့်ကန်များကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်မှုမရှိအောင် သတ်မှတ်စံချိန်စံညွှန်းများ၊ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ အလေးထားလုပ်ဆောင်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ပုဂံဒေသသည် ကမ္ဘာ့အမွေအနှစ်ဒေသ ဖြစ်သည့်အတွက် ကန့်သတ်ချက်၊ စည်းကမ်းချက်များနှင့် အညီသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သာမန်ရေကန်ဆယ်ခြင်းနှင့် ရေစီးရေလာကောင်းအောင်သဘာဝအကွေ့အကောက်၊ ချောင်းရိုး၊ ရေစီးကြောင်းများအတိုင်း ချဲ့ထွင်ခြင်းများကိုသာ ဆောင်ရွက်ရသည့်အတွက်လည်း တတ်အားသရွေ့ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မိမိတို့ဝန်ကြီးဌာနကို သတ်မှတ်ပေးထားသော ကန်တူးဖော်ခြင်း၊ စူးစမ်းလေ့လာခြင်းနှင့် ရေလမ်းကြောင်း ဆောင်ရွက်ခြင်းကိစ္စများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက သတ်မှတ်ထားသော Guideline နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ မြကန်ကို ရေဝင်အားကောင်းစေရန်၊ ရေထိန်းသိမ်းမှု အပြည့်အဝရစေရန် အဓိက ဆောင်ရွက်လျက်ရှိကြောင်း၊ စက်ယန္တရားဖြင့် လုပ်ဆောင်ရာတွင် ရှေးဟောင်းဆိုင်ရာ ကန့်သတ်မှုများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနဘက်မှ အသေးစိတ်အကြံပြုဆွေးနွေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းရေကန်များ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းရေကန်များ ပြန်လည်တူးဖော် ပြုပြင်ထိန်းသိမ်းနေမှုနှင့်ပတ်သက်၍ ကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း ရှမ်းပြည်နယ် ဆီဆိုင်မြို့ ပြန်လည်ထူထောင်ရေးနှင့် ထောက်ပံ့မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့သို့ ရောက်ရှိပြီး ဆီဆိုင်မြို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ယာယီဈေးဖွင့်လှစ်ရောင်းချနေမှု၊ ဆီဆိုင်မြို့ အထက်တန်းကျောင်း၌ ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှု၊ ဆီဆိုင်မြို့ ပြည်သူ့ဆေးရုံ ပြုပြင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုပြီး ဆီဆိုင်မြို့ ဇဝနရာမကျောင်းတိုက်သို့ သွားရောက်ကာ ဆီဆိုင်မြို့ပေါ် ရပ်ကွက်များနှင့် ပတ်ဝန်းကျင် ကျေးရွာများသို့ ပြန်လည်ရောက်ရှိ နေထိုင်လျက်ရှိကြသော ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သော တစ်လစာဆန်ရိက္ခာ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ထောက်ပံ့သော ကယ်ဆယ်ရေးပစ္စည်းများ၊ ငါးသေတ္တာဘူးနှင့် ခေါက်ဆွဲခြောက်များ၊ သေဆုံးသူနှင့် ဒဏ်ရာရသူများအတွက် ထောက်ပံ့ကြေးငွေများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် သုံးနှစ်အထိ ကလေးငယ်များ၊ အသက် ၇၅ နှစ်နှင့်အထက် ဘိုးဘွားများ၊ မသန်စွမ်းသူများ စသည့်ထိခိုက်လွယ်အုပ်စုများအတွက် ထောက်ပံ့ငွေ စုစုပေါင်းငွေကျပ် ၂၉၂၃ ဒသမ ၄ သိန်းတန်ဖိုးရှိ ငွေနှင့် ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။



ထို့နောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ်က ဆီဆိုင်မြို့နယ်အတွင်း တာဝန်ထမ်းဆောင်နေသော ဌာနဆိုင်ရာဝန်ထမ်းများ၊ မီးသတ်၊ ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သား မိသားစုများအတွက် ဆီ၊ ဆား၊ ကြက်သွန်၊ အာလူး၊ ငါးသေတ္တာ အစရှိသည့် စားသောက်ကုန်များ၊ ထိခိုက်ပျက်စီးခဲ့သော မဲနယ်တောင်တန်းဒေသကျေးရွာများ လျှပ်စစ်မီးရရှိရေး၊ ဆီဆိုင်မြို့ ရေပေးဝေရေးလုပ်ငန်းများ၊ ယာယီဈေးပြန်လည်တည်ဆောက်ရန်နှင့် ထိခိုက်ပျက်စီးခဲ့သော လူနေအိမ်များ ပြုပြင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ငွေကျပ် ၇၀၅၅ ဒသမ ၅၈ သိန်းတို့ကို တာဝန်ရှိသူများနှင့် ဘေးသင့်ပြည်သူများသို့ ပေးအပ်ထောက်ပံ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးက ဆီဆိုင်မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ပျက်စီးသွားသော လူနေအိမ် ၆၃၇ လုံး ပြုပြင်ရန်အတွက် ပျက်စီးမှုအပေါ်မူတည်ကာ အုပ်စုခွဲခြား၍ နယ်စပ်ရေးရာဝန်ကြီးဌာနက ပထမအကြိမ် ကနဦး ထောက်ပံ့ငွေကျပ်သိန်း ၄၆၀၊ ဒုတိယအကြိမ် ထောက်ပံ့ငွေကျပ် ၃၉၆၁ သိန်း စုစုပေါင်းငွေကျပ် ၄၄၂၁ သိန်းကို ဒေသဦးစီးအဖွဲ့နှင့် တာဝန်ရှိသူများသို့ လွှဲပြောင်းထောက်ပံ့ပေးအပ်သည်။

တွေ့ဆုံပွဲ အပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့သည် ပြန်လည်ဝင်ရောက်နေထိုင်သည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားကြပြီး လိုအပ်သည်များ မေးမြန်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုင်းဖြတ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရပ်ကွက်ချင်းဆက်လမ်းပေါ်ရှိ တံတားတစ်စင်းနှင့် ကွန်ကရစ်လမ်း ရေတိုက်စားပြိုကျပျက်စီးမှုဖြစ်ပွား

**မိုင်းဖြတ် ဇွန် ၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ ဇွန် ၆ ရက် ညနေပိုင်းမှ ၇ ရက် နံနက်ပိုင်းအထိ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဈေးတန်း (ကွက်သစ်) ရပ်ကွက်နှင့် ဝမ်ဟွေရပ်ကွက်သို့ ဆက်သွယ်ဆောင်ရွက်ထားသည့် Box Culvert တစ်စင်းနှင့် ကွန်ကရစ်လမ်း ရေတိုက်စား၍ ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၆ ရက် ညနေမှ ၇ ရက် နံနက်ပိုင်းအထိ မိုးအဆက်မပြတ် ရွာသွန်းခြင်းကြောင့် မြို့နယ်စည်ပင်သာယာရေးဌာနမှ ၂၀၀၈ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် ၁၆ ပေ၊ ၁၄ ပေ အတိုင်းအတာရှိ Box Culvert တစ်စင်း ပျက်စီးဆုံးရှုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂ သိန်း ပြိုကျပျက်စီးမှုနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည့် ပျက်စီးမှုအခြေအနေ အတိုင်းအတာ ၁၆ ပေ၊ ခြောက်ပေ၊ ခြောက်လက်မ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ သိန်း ရေတိုက်စားပျက်စီးခဲ့ရာ စုစုပေါင်း ၁၃၂ သိန်းခန့် ပျက်စီးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အား မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

## ရုရှား-မြန်မာ နှစ်နိုင်ငံရုပ်မြင်သံကြားကဏ္ဍ MoU လက်မှတ်ရေးထိုးနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုကိစ္စရပ်များ ဆွေးနွေး



နေပြည်တော် ဇွန် ၇

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အား မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**

တွေ့ဆုံစဉ် မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေ၊ Global New Light of Myanmar သတင်းစာနှင့် ရုရှားနိုင်ငံ Sputnik Information Agency တို့ ပူးပေါင်းဆောင်ရွက်နေမှု၊ ရုရှား-မြန်မာ နှစ်နိုင်ငံ ရုပ်မြင်သံကြားကဏ္ဍ MoU လက်မှတ်ရေးထိုးနိုင်ရေး စီစဉ်ဆောင်ရွက်နေမှု၊ နှစ်နိုင်ငံမီဒီယာအဖွဲ့များ အပြန်အလှန်ဖိတ်ကြားပြီး သွားလာလည်ပတ်နိုင်မှု၊ နှစ်နိုင်ငံခရီးသွားကဏ္ဍ ပိုမိုမြှင့်တင်နိုင်ရေးနှင့် အခြားကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ (ယာပုံ)

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ သံအရာရှိတို့ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ မအူပင်မြို့ရှိ အခြေခံပညာကျောင်းများနှင့် မအူပင်တက္ကသိုလ်သို့သွားရောက်၍ ကျောင်းသားကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှု လှည့်လည်ကြည့်ရှုအားပေး

**ရန်ကုန် ဇွန် ၇**

ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မအူပင်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းများသို့ ရောက်ရှိပြီး ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုပြီး အားပေးစကားပြောကြားသည်။ **(ယာပုံ)**



**ထူးချွန်စေရန်ကြိုးစားသင်ယူ**

ထိုသို့ကြည့်ရှုစဉ်ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာသင်ကြားရမည့်အရွယ်တွင် ပညာကို အမြဲမပြတ် ကြိုးစားသင်ယူကြရန်နှင့် မိမိတို့၏ ရည်မှန်းချက်များ အောင်မြင်စေရေးအတွက် စာသင်နှစ်စကတည်းက ပညာကိုကြိုးစားသင်ယူကြစေလိုကြောင်း၊ မိမိတို့ သင်ယူနေသည့် ဘာသာရပ်များကို တန်ဖိုးထားပြီး ထူးချွန်စေရန် ကြိုးစားသင်ယူ လေ့လာကြစေလိုကြောင်း ပြောကြားပြီး ကျောင်းဝင်းအတွင်းရှိ စာသင်ခန်းများ၊ စာသင်ဆောင်များ ဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု၊ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**တွေ့ဆုံ**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မအူပင် တက္ကသိုလ်သို့ ရောက်ရှိပြီး မိုးလုံလေလုံ အားကစားခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ ဆရာမများ၊ အရာထမ်းများ၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများအား စေတနာအပြည့်အဝဖြင့် အမှန်တကယ် ကျွမ်းကျင်တတ်မြောက်သူများ ဖြစ်အောင် သင်ကြားပို့ချ ပေးကြစေလိုပါကြောင်း၊ ကျောင်းသား ကျောင်းသူများကို သင်ကြားရာတွင် မိမိတို့၏ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများသာမက ဆက်စပ်ဘာသာရပ်များကိုပါ ကျွမ်းကျင်မှုရှိစေရန်အတွက် စာကြည့်တိုက်များကို အသုံးပြု၍ စာအုပ်စာပေများကို အမြဲမပြတ် ဖတ်ရှုလေ့လာနေကြရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများသည် စဉ်ဆက်မပြတ် လေ့လာနေမှသာလျှင် ကိုယ်ရည်ကိုယ်သွေးမြင့်မားလာပြီး မိမိတို့၏တပည့်များကို မိမိတို့ထက် ပိုမိုထူးချွန်ကာ အရည်အချင်းရှိသော ကျောင်းသား ကျောင်းသူများကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်းပြောကြားပြီး ဌာနအလိုက် ဆရာ ဆရာမများ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ညောင်တုန်းခရိုင် ဆားမလောက်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ တက်ရောက်ပညာ သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုပြီး အားပေးစကားပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့ ရောက်ရှိကာ တက္ကသိုလ်၏ ဥပဓိရုပ်ကောင်းမွန်ရေး၊ တက္ကသိုလ်ပရဝဏ်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာရေး ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ပညာသင်ထောက်ပံ့ကြေးပေးအပ်ချီးမြှင့်

**ထားဝယ် ဇွန် ၇**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တနင်္သာရီတိုင်း ဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရှိ တက္ကသိုလ်အဆင့်နှင့် အခြေခံပညာကျောင်းများသို့တက်ရောက်ကြမည့် ဝန်ထမ်းသား/သမီး ကျောင်းသား/သူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ကြိုးပမ်းဆောင်ရွက်**

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ပညာသင်ထောက်ပံ့ကြေး ပေးအပ်ရခြင်းသည် ပြည့်စုံစွာ မဟုတ်သော်လည်း ဝန်ထမ်းများကို တစ်စိတ်တစ်ဒေသ ထောက်ပံ့ပေးရသလို ဝန်ထမ်းသားသမီးများကို မြှင့်တင်ရာ ရောက်ကြောင်း၊ ပညာသင်ထောက်ပံ့ကြေးများကို အမြဲတမ်းအဆင်ပြေအောင် ဌာနအနေဖြင့် ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး စည်းမျဉ်းစည်းကမ်းများဖြင့် ထောက်ပံ့ပေးအပ်ရန် လိုအပ်ကြောင်း၊ နောင်လာမည့် ပညာသင်နှစ်တွင် ယခုနှစ်ထက်ပို၍ ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကလေးငယ်များသည် နောင်အနာဂတ် လုပနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းအကြီးအကဲများနှင့် ဝန်ထမ်းများအားလုံး ရင်းနှီးချစ်ခင်ပျော်ရွှင်စွာဖြင့် နိုင်ငံအကျိုး၊ တိုင်းဒေသကြီးအကျိုး၊ ဒေသအကျိုးထမ်းဆောင်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီတို့က တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ တက္ကသိုလ်တက်ရောက် ပညာသင်ကြားနေသူဝန်ထမ်းများနှင့် ဝန်ထမ်းသား/သမီး စုစုပေါင်း ၃၈ ဦး၊ အထက်တန်းအဆင့် ၁၄ ဦး၊ အလယ်တန်းအဆင့် ၁၆ ဦး၊ မူလတန်းအဆင့် ၅၀၊ မူကြိုအဆင့် ၁၂ ဦး၊ ဝန်ထမ်းများနှင့် ဝန်ထမ်းသား/သမီး စုစုပေါင်း ၁၃၀ တို့အတွက် ချီးမြှင့်ငွေကျပ် ၅၂၁၀၀၀၀ (ကျပ်ငါးဆယ့်နှစ်သိန်း တစ်သောင်းတိတိ) ကို ချီးမြှင့်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဇွန် ၇**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# မန္တလေးတိုင်းဒေသကြီး၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆိုင်ရာ တွေ့ဆုံပွဲကျင်းပ

**နေပြည်တော် ဇွန် ၇**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆိုင်ရာ တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တော်စည်ပင်ခန်းမ၌ ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ မန္တလေးတိုင်းဒေသကြီး သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် ကျေးရွာအုပ်စုသန်းခေါင်စာရင်းကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### တိုက်တွန်းပြောကြား

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်း ခန့်မှန်းလူဦးရေ ၆ သန်း ၇ သိန်းကျော်၊ ခန့်မှန်းအိမ်ထောင်စု ၁ သန်း ၅ သိန်းကျော်ရှိပြီး ကောက်ကွက်ပေါင်း ၁၃၀၀၀ ကျော်ကို စာရင်းစစ်၊ စာရင်းကောက် စုစုပေါင်း ၅၀၀၀ ကျော်ဖြင့် ကောက်ယူဆောင်ရွက်ရန်လျာထားကြောင်း၊ သန်းခေါင်စာရင်း ရည်ညွှန်းချိန်ကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက် ညသန်းခေါင်ယံအချိန်ကို သတ်မှတ်ထားရှိပြီး စာရင်းကောက်ယူခြင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ၁၅ ရက်ကြာ ပြည်လုံးကျွတ်အဆင့် ဆောင်ရွက်မည်ဖြစ်ပြီး လုံခြုံရေးအခြေအနေနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲတို့အရ သတ်မှတ်ရက်အတွင်း ကောက်ယူရန်ကျန်ရှိပါက ရက်ထပ်မံတိုးမြှင့်ကောက်ယူနိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရန်လည်း လိုအပ်ကြောင်း။

သန်းခေါင်စာရင်းကောက်ယူရာတွင် အိမ်ထောင်စု မေးခွန်းပုံစံအတွက် မေးခွန်း ၆၈ ခု၊ အဖွဲ့အစည်း မေးခွန်းပုံစံအတွက် မေးခွန်း ၁၈ ခုကို တွေ့ရှိရာအရပ်၌ ကောက်ယူသည့်မှု (De Facto) ဖြင့် ကွန်ပျူတာအထောက်အကူပြု လူတစ်ဦးချင်းကောက်ယူသည့် (Computer Assisted Personal Interviews–CAPI) စနစ်ဖြင့် ကောက်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ပြည်သူလူထု အသိပညာပေးလုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လာမည့်ဩဂုတ်မှစ၍ သန်းခေါင်စာရင်းဆိုင်ရာ နည်းပြသင်တန်းအပါအဝင် သင်တန်းအဆင့်ဆင့်ကို ဖွင့်လှစ်သွားမည်ဖြစ်သည့်အတွက် ဆင့်ပွားသင်တန်းများ ဆက်လက်ဖွင့်လှစ်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားကြရန်နှင့် လုပ်ငန်းစဉ်အဆင့်အလိုက် ပြီးမြောက်အောင်မြင်ရေးအတွက် အားလုံးကတက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းစဉ်အဆင့်ဆင့် အောင်မြင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။



### ပြည်သူလူထုအသိပညာပေးပြသ

ဆက်လက်၍ ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က လူဦးရေ၏ အခန်းကဏ္ဍနှင့် လူဦးရေပြောင်းလဲမှုဖြစ်စဉ်၏ အရေးပါမှု၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့၌ ကောက်ယူခဲ့သည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်များမှ ဖော်ထုတ်ချက်အကျဉ်းချုပ်တို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးတင်ပြပြီး သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ရုပ်မြင်သံကြား Channel များတွင် ထုတ်လွှင့်ပြသမည့် ပြည်သူလူထုအသိပညာပေး TV Spot များကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ မန္တလေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးဝေဇင်ထွန်းက လက်ခံရယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ခင်းကျင်းပြသထားသည့် သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကိုကြည့်ရှုအားပေး၍တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် အကြိမ်(၂၀)မြောက် အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် ဇွန် ၇**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် ဆီရမ်မြို့၌ ဇွန် ၆ ရက်မှ ၇ ရက်အထိ ကျင်းပလျက်ရှိသည့် အကြိမ်(၂၀)မြောက် အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ရန် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဇွန် ၅ ရက်က လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြပြီး ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိကြရာ ကမ္ဘောဒီးယားနိုင်ငံ စက်မှု၊ သိပ္ပံနည်းပညာနှင့် တီထွင်ဆန်းသစ်မှုဝန်ကြီးဌာန အတွင်းဝန်၊ ကမ္ဘောဒီးယားနိုင်ငံ မြန်မာသံအမတ်ကြီး ဦးကျော်စိုးမင်းနှင့် တာဝန်ရှိသူများက Siem Reap မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြသည်။




ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇွန် ၆ ရက် မွန်းလွဲပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံစက်မှု၊ သိပ္ပံ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ဝန်ကြီး H.E Dr. HEM Vanndy နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးကြပြီး ညပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဝန်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ အာဆီယံဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇွန် ၇ ရက် နံနက်ပိုင်းတွင် Sofitel Angkor Resort ၌ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် H.E Mr. HUN Manet နှင့် တွေ့ဆုံပွဲသို့ အာဆီယံဝန်ကြီးများနှင့်အတူ တက်ရောက်ပြီး အာဆီယံဒေသတွင်း သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆက်လက်၍ အကြိမ်(၂၀)မြောက် အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး ဖွင့်ပွဲအခမ်းအနား ကျင်းပရာ အစည်းအဝေး အလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံ စက်မှု၊ သိပ္ပံ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ဝန်ကြီး H.E Dr. HEM Vanndy က ကြိုဆိုနှုတ်ခွန်းဆက်ပြောကြားပြီး အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် H.E Dr. Kao Kim Hourn က အမှာစကားပြောကြား၍ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E Mr. HUN Manet က အဖွင့်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် အာဆီယံသိပ္ပံ၊ နည်းပညာနှင့်တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးကို ကျင်းပရာ အလှည့်ကျဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံအလိုက် AI နည်းပညာနှင့် အနာဂတ်ဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက "AI Application Navigating the Future" ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးခဲ့ပြီး လက်ရှိပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကမ္ဘာ့ယဉ်ကျေးမှုသမိုင်းဝင် အန်ကောဝပ်ဘုရားကျောင်းသို့ သွားရောက်လေ့လာခဲ့ကြောင်းနှင့် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဖြူဖြူဝင်းသည် အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ BAC–16, COSTI–85 နှင့် အခြားဆက်စပ် အစည်းအဝေးများသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လယ်ဝေးမြို့နယ်အတွင်း ကျောင်းများ၌ ခွေးရူးရောဂါကာကွယ်ရေး ပညာပေးဟောပြော

**လယ်ဝေး ဇွန် ၇**

နေပြည်တော် လယ်ဝေးမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများအား ခွေးရူးရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူး၍ ဇွန် ၅ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် နေပြည်တော် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာထွေးကိုကိုက နေပြည်တော် ရှစ်မြို့နယ်၌ ခွာနာလျှာနာရောဂါ ထိန်းချုပ်ဇုန် ထူထောင်လျက်ရှိပြီး အဆိုပါဇုန်အတွင်း ခွေးရူးရောဂါကို ထိန်းချုပ်နိုင်ရန်အတွက် အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်လျက်ရှိကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်)မှ သုတေသနအရာရှိ ဒေါက်တာလှိုင်ဝင်းက ခွေးရူးရောဂါကူးစက်နိုင်သည့် သတိပြုလိုက်နာရမည့်အချက်များ၊ ခွေးရူးရောဂါကာကွယ်ရေး သိကောင်းစရာများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဦးကျော်မိုးက ခွေးရူးပြန်ရောဂါအကြောင်း စသည်တို့ကို တက်ရောက်လာသော ကျောင်းသား ကျောင်းသူ ၆၅၇ ဦးအား အသိပညာပေး ဆွေးနွေးဟောပြောခဲ့ပြီး ခွေးရူးရောဂါအကြောင်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ကြောင်း သိရသည်။ **ဝေကြည်(ပြန်/ဆက်)**



# ပါပူအာနယူးဂီနီမြေပြိုမှု ကယ်ဆယ်ရေးလုပ်ငန်းများအဆုံးသတ်

**ပို့တ်မော့စဘီ ဇွန် ၇**

ပါပူအာနယူးဂီနီနိုင်ငံ၌ ကြောက်မက်ဖွယ် မြေပြိုမှုဖြစ်ပွားပြီးနောက် နှစ်ပတ်အကြာ ပျောက်ဆုံးနေသူများရှိနေသေးသော်လည်း အာဏာပိုင်များက ကယ်ဆယ်ရေးလုပ်ငန်းများကို အဆုံးသတ်လိုက်ပြီဟု သိရသည်။ နိုင်ငံမြောက်ပိုင်းရှိ ကျေးရွာတစ်ရွာမှာ အပျက်အစီးများအောက် နစ်မြုပ်သွားပြီဖြစ်သည်။ ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများကို ဇွန် ၆ ရက်တွင် အဆုံးသတ်လိုက်ပြီဟု ပြည်နယ်အစိုးရက ပြောသည်။

နောက်ထပ်မြေပြိုမှုအန္တရာယ်များ ရှိနေသေးသည့်အပြင် ပုပ်နေပြီဖြစ်သည့်အလောင်းများမှ ရောဂါများကူးစက်နိုင်သည့် အန္တရာယ်များလည်း ရှိသည်။ ပို့တ်မော့စဘီမြို့ အနောက်မြောက်ဘက် ၆၀၀ ကီလိုမီတာအကွာရှိ တောင်တန်းထူထပ်သည့် အန်ဂါပြည်နယ်၌ မေ ၂၄ ရက်က သဘာဝဘေးဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

သေဆုံးသူ ၁၀ ဦးဟု အတည်ပြုခဲ့သော်လည်း မြေပြိုမှုပမာဏကြီးမားသည့်အတွက် အမှန်တကယ်သေဆုံးသူဦးရေကို သိရှိရန်ခက်ခဲသည်။ အပျက်အစီးများအောက်တွင် နစ်မြုပ်နေသည့် လူပေါင်း ၂၀၀၀ ထက်မနည်းရှိသည်ဟု အစိုးရက ပြောသည်။ အန္တရာယ်များပြားသည့် အခြေအနေများကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အဟန့်အတားများဖြစ်ပေါ်ခဲ့ရသည်။

အဓိကလမ်းမကြီးနှင့် အခြားသောလမ်းများ ဆက်သွယ်ရေးပြတ်တောက်နေခြင်းမှာလည်း အဓိကအကြောင်းရင်းဖြစ်သည်။ အချို့သောသူများမှာ ပျောက်ဆုံးနေသည့် မိသားစုဝင်များကိုရှာဖွေရန် တုတ်ချောင်းတစ်မျိုးတည်းကိုသာ အသုံးပြုတူးဖော်ရှာဖွေနေကြသည်ဟု ကယ်ဆယ်ရေးအဖွဲ့အစည်းတစ်ခုက ပြောသည်။ အန္တရာယ်များသည့်နေရာတွင်



နေထိုင်နေကြသည့် ဒေသခံ ၁၀၀၀ ကျော်ကို တောင်းဆိုလျက်ရှိသည်။ ကယ်ဆယ်ရွှေ့ပြောင်းပေးရန် ပြည်နယ်အစိုးရက

**အင်န်အိတ်ချ်ကေ**

# ပါရီအားကစားပွဲမစတင်မီ အီဖယ်တာဝါတွင် အိုလံပစ်ကွင်းများ တပ်ဆင်

**ပါရီ ဇွန် ၇**

ပါရီ နွေရာသီအားကစားပွဲ မစတင်မီရက်ပေါင်း ၅၀ အလို အိုလံပစ်အလှပြသင်္ကေတများကို ပြင်သစ်နိုင်ငံ၏ အထိမ်းအမှတ်ဖြစ်သည့် အီဖယ်တာဝါတွင် တပ်ဆင်ပြသထားသည်။ ကြိုတင်ကြေညာထားခြင်းမရှိဘဲ မြေပြင်မှ မီတာ ၇၀ အကွာရှိ တာဝါပေါ်တွင် အိုလံပစ်သင်္ကေတကွင်းငါးကွင်းကို တပ်ဆင်ခဲ့သည်။

အဆိုပါသင်္ကေတမှာ ၂၉ မီတာရှည်ပြီး ၁၃ မီတာ ကျယ်ဝန်းသည်။ ပါရီမြို့၌ ရောက်ရှိနေသည့် ဂျပန်အမျိုးသမီးတစ်ဦးက တာဝါကို ဓာတ်ပုံရိုက်ခဲ့ပြီး မကြာမီ အားကစားပြိုင်ပွဲကြီး စတင်တော့မည်ဖြစ်သည့်အတွက် စိတ်လှုပ်ရှား ပျော်ရွှင်မိကြောင်း ပြောသည်။ အားကစားပွဲတော်ကြီး မပြီးဆုံးမီအချိန်အထိ နောက်ထပ် အံ့အားသင့်ဖွယ်များစွာ ကျန်ရှိနေသေးကြောင်း ပါရီအားကစားပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ တိုနီအက်စတန်ဂတ်က ပြောသည်။



လူအများ စိတ်ဝင်စားဖွယ် ဖြစ်စေရန် ကော်မတီက ဖန်တီးသွားမည်ဖြစ်ပြီး လူအများကို စိတ်ပျက်စေမည် မဟုတ်ကြောင်း၊ ဖွင့်ပွဲ အခမ်းအနားကိုလည်း ထူးထူးခြားခြား ဖြစ်စေမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အာဖဂန်နိုင်ငံသား ၈၀၀ ကျော် နေရပ်သို့ပြန်လာ

**ကဘူးလ် ဇွန် ၇**

ပါကစ္စတန်နိုင်ငံသို့ရောက်ရှိနေသည့် အာဖဂန်နစ္စတန်နိုင်ငံသား ၈၀၀ ကျော်မှာ ဇွန် ၆ ရက်တွင် နေရပ်သို့ပြန်လာသည်ဟု အာဖဂန်နစ္စတန် ဒုက္ခသည်များ ပြန်လည်လက်ခံရေး ဝန်ကြီးဌာနက ဇွန် ၇ ရက်တွင် ပြောသည်။ ပါကစ္စတန်နိုင်ငံ တော့ခ်ဟန်နှင့် စပင်ဘိုဒါ့ခ်ဖြတ်သန်းရေးဂိတ်မှတစ်ဆင့် အာဖဂန်စ္စတန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်လာကြသည်ဟု ဝန်ကြီးဌာနက လူမှုကွန်ရက်စာမျက်နှာတွင် သတင်းထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့်အင်္ဂါနေ့ကလည်း အိမ်နီးချင်းနိုင်ငံများသို့ ရောက်ရှိနေသည့် အာဖဂန် ၃၀၀ ကျော် နေရပ်ပြန်လာသည်ဟု ဖော်ပြခဲ့သည်။ အာဖဂန်ဒုက္ခသည် တစ်သန်းကျော်တွင် အထောက်အထားမဲ့ နေထိုင်သူအများစုပါဝင်ပြီး ၎င်းတို့သည် ပြီးခဲ့သည့်နိုဝင်ဘာလမှစတင်ကာ အိမ်နီးချင်းပါကစ္စတန်နှင့် အီရန်နိုင်ငံတို့မှ နေရပ်သို့ပြန်လာခဲ့ကြသည်။

အာဖဂန်ကြားဖြတ်အစိုးရသည် နိုင်ငံရပ်ခြားသို့ ရောက်ရှိနေသည့် အာဖဂန်ရွှေ့ပြောင်းနေထိုင်သူများကို နေရပ်သို့ပြန်လာရန်နှင့် စစ်ပွဲဒဏ်ခံတိုင်းပြည် ပြန်လည်တည်ဆောက်ရာတွင် ပါဝင်ကြရန် ထပ်ခါတလဲလဲတောင်းဆိုခဲ့သည်။

**ဆင်ဟွာ**

# ဆူဒန်နိုင်ငံ အယ်ဖာဆာမြို့၌ တိုက်ပွဲများ ပြင်းထန်မှုကြောင့် နိုင်ငံသား ၂၈၈ ဦးသေဆုံး

**ခါတွန် ဇွန် ၇**

ဆူဒန်နိုင်ငံအနောက်ပိုင်း အယ်ဖာဆာမြို့၌ မေ ၁၀ ရက်မှစကာ တိုက်ပွဲများ ပြင်းထန်မှုကြောင့် နိုင်ငံသားသေဆုံးသူပေါင်း ၂၈၈ ဦးရှိကြောင်း အကြီးတန်းအရာရှိတစ်ဦးက ဇွန် ၇ ရက်တွင် ပြောကြားသည်။

မေ ၁၀ ရက်မှစကာ တိုက်ပွဲများဖြစ်ပွားမှုကြောင့် သေဆုံးသူ ၂၈၈ ဦး အထိရှိလာပြီး ဒဏ်ရာရရှိသူ အရေအတွက်မှာလည်း ၁၃၀၀ ရှိကာ ၎င်းတို့ထဲမှအများစုမှာ အမျိုးသမီးများ၊ ကလေးများနှင့် အသက်အရွယ်ကြီးသူများဖြစ်ကြောင်း မြောက်ဒါဖာပြည်နယ်ကျန်းမာရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် အီဘရာဟင် အဗ္ဗဒူလာကက်တီရာက ပြောကြားသည်။

ဆူဒန်နိုင်ငံတစ်ဝန်း ၂၀၂၃ ခုနှစ် ဧပြီ ၁၅ ရက်မှစကာ ဆူဒန်စစ်တပ်နှင့် လက်နက်ကိုင်တပ်ဖွဲ့ (PRSF) တို့အကြား ပဋိပက္ခများ ဖြစ်ပွားလာခြင်းကြောင့် သေဆုံးသူပေါင်း ၁၅၅၅၀ ရှိပြီး နေရာပြောင်းရွှေ့သူ ၈ ဒသမ ၈ သန်းကျော်ရှိပြီဖြစ်ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက ခန့်မှန်းထားသည်။

**ဆင်ဟွာ**

# ဂါဇာရှိ ကျောင်းများနှင့် နေအိမ်များကို အစ္စရေးက လေကြောင်းတိုက်ခိုက်၊ ၁၃ ဦး သေဆုံး

**ဂါဇာ ဇွန် ၇**

ဂါဇာကမ်းမြောင်ဒေသ၌ နေအိမ်တစ်လုံးနှင့် ကုလသမဂ္ဂကဖွင့်လှစ်ထားသည့် နေရပ်စွန့်ခွာသူများနေထိုင်သည့် စာသင်ကျောင်းတစ်လုံးတို့ကို အစ္စရေးက လေကြောင်းတိုက်ခိုက်သဖြင့် ၁၃ ဦးထက်မနည်းသေဆုံးကြောင်း ပါလက်စတိုင်း သတင်းရင်းမြစ်များက ဇွန် ၇ ရက်တွင် ပြောကြားသည်။

ဂါဇာတောင်ပိုင်း ခန်းယူနစ်ရှိ နေအိမ်တစ်လုံးကို အစ္စရေးက ဒုံးကျည်တိုက်ခိုက်မှုကြောင့် ကလေးများနှင့် အမျိုးသမီးများ အပါအဝင် ပါလက်စတိုင်း ၁၀ ဦးထက်မနည်း သေဆုံးကြောင်း ပါလက်စတိုင်းလုံခြုံရေး သတင်းရင်းမြစ်များက ပြောကြားသည်။

ဂါဇာမြို့အနောက်ဘက် အယ်ရှာတီဒုက္ခသည်စခန်း၌ ကုလသမဂ္ဂကယ်ဆယ်ရေးနှင့် လုပ်ငန်းအေဂျင်စီ (ယူအင်န်အာဒဗလျူအေ) က ဖွင့်လှစ်ပေးသည့် ကျောင်းတစ်ကျောင်းကို



အစ္စရေးလေယာဉ်က ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း ဒေသတွင်းသတင်းရင်းမြစ်များနှင့် မျက်မြင်သက်သေများက ပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုအတွင်း ၎င်းတို့အမှုထမ်းသုံးဦး၏ ရုပ်အလောင်းများကို ပြန်လည်ရရှိခဲ့ပြီး အခြားဒါဇင်နှင့်ချီကာ ဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းအရပ်ဘက်ကာကွယ်ရေးဌာနက ထုတ်ပြန်ထားသည်။

ဇွန် ၆ ရက်ကလည်း ဂါဇာအလယ်ပိုင်း နူဆေးရက်ယာယီစခန်းရှိ ကုလသမဂ္ဂ ကယ်ဆယ်ရေးနှင့် လုပ်ငန်းအေဂျင်စီ၏ ကျောင်းတစ်ကျောင်းကို အစ္စရေးစစ်လေယာဉ်က ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် ပါလက်စတိုင်း ၃၅ ဦးထက်မနည်းသေဆုံးကြောင်း သိရသည်။

**ဆင်ဟွာ**

# ပေါ်တူဂီနိုင်ငံ၌ အသေးစား လေယာဉ်ငယ်ပျက်ကျ နှစ်ဦးဒဏ်ရာရရှိ

**လစ္စဘွန်း ဇွန် ၇**

ပေါ်တူဂီနိုင်ငံအလယ်ပိုင်း လဲ့ရီယာလေယာဉ်ကွင်းအနီး၌ ဇွန် ၆ ရက်က အသေးစားလေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားသဖြင့် နှစ်ဦးအပြင်းအထန် ဒဏ်ရာရရှိကြောင်း သိရသည်။

ပြုပြင်ရန်အတွက် ပိတ်ပင်ထားခဲ့သည့် အမျိုးသားလမ်းမကြီး ၁၀၉ ၌ လေယာဉ်ပျက်ကျခြင်းဖြစ်ကြောင်း လဲ့ရီယာဒေသ၏အရေးပေါ်နှင့် အရပ်ဘက်ကာကွယ်ရေးဆိုင်ရာ ဌာနချုပ်က အတည်ပြုထားသည်။ လေယာဉ်ပျက်ကျမှုကြောင့် အသက် ၃၂ နှစ်နှင့် ၃၉ နှစ် အရွယ်အမျိုးသားနှစ်ဦးမှာ အပြင်းအထန် ဒဏ်ရာရရှိကာ အပျက်အစီးများအကြား ပိတ်မိခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြထားသည်။

အဆိုပါအသေးစားလေယာဉ်မှာ စက်ချွတ်ယွင်းချက်များ ရှိနေပြီး ပြေးလမ်းသို့ပြန်ရန် ကြိုးပမ်းစဉ် မတော်တဆမှုဖြစ်ပွားခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်များအရ သိရသည်။

**ဆင်ဟွာ**

# နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ဝန်ထမ်းအဖွဲ့အစည်းများ၏ ပြည်သူ့ဝန်ဆောင်မှုအခန်းကဏ္ဍ အရေးပါမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ





**နေပြည်တော် ဇွန် ၇**

"နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ဝန်ထမ်းအဖွဲ့အစည်းများ၏ ပြည်သူ့ဝန်ဆောင်မှုအခန်းကဏ္ဍ အရေးပါမှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ" ပိတ်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ် (၁၇) ရှိ စုပေါင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အကျိုးရှိစွာ ဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက ဆွေးနွေးခဲ့သည့် အကြောင်းအရာများသည် မိမိတို့ပြည်ထောင်စုရာထူးဝန်အဖွဲ့အတွက်သာမက ဝန်ထမ်းအားလုံးအတွက် ထိရောက်အကျိုးရှိစေကြောင်း၊ ထုတ်ဖော်ဆွေးနွေးနိုင်ခဲ့သည့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဌာနအကြီးအကဲများအနေဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန်နှင့် လုပ်ဖော်ကိုင်ဖက်အချင်းချင်း အတွေးသစ်၊ အမြင်သစ်များဖလှယ်၍ နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်အကျိုးရှိစွာ ဆောင်ရွက်သွားကြရန်နှင့် အလုပ်ရုံဆွေးနွေးပွဲက ရရှိသည့် ရလဒ်ကောင်းများအပေါ်မူတည်ပြီး လိုက်ပါဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး တစ်ဖက်တစ်လမ်းမှ အားဖြည့်ပေးခြင်းဖြင့် ဝန်ထမ်းထုတစ်ရပ်လုံးအတွက် ကောင်းမွန်စနစ်ကျသည့် အဖွဲ့အစည်းတစ်ခု ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

**ဂုဏ်ပြုလက်မှတ်ချီးမြှင့်**

အလုပ်ရုံ ဆွေးနွေးပွဲကာလအတွင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဝန်ထမ်းများ တက်ရောက်ပြီး သတ်မှတ်ခေါင်းစဉ်များအလိုက်ဆွေးနွေးမှုများပြုလုပ်ခြင်း၊ အုပ်စုအလိုက်ခွဲ၍ ဆွေးနွေးခြင်း၊ ဆွေးနွေးမှုရလဒ်များကို ပြန်လည်တင်ပြခြင်း၊ ရလဒ်များသုံးသပ်ဖော်ထုတ်ခြင်း၊ အကဲဖြတ်အဖွဲ့ဝင်များအား ဂုဏ်ပြုလက်မှတ်ချီးမြှင့်ခြင်း၊ အကောင်းဆုံးဆွေးနွေးတင်ပြသူများ၊ အကောင်းဆုံး ပါဝင်ဆွေးနွေးသူများနှင့် အကောင်းဆုံးအုပ်စုအလိုက် ဆွေးနွေးတင်ပြသည့်အုပ်စုကို ဆုများပေးအပ်ချီးမြှင့်ခြင်းတို့ ဆောင်ရွက်ကြသည်။

**ဆွေးနွေးတင်ပြ**

"နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ဝန်ထမ်းအဖွဲ့အစည်းများ၏ ပြည်သူ့ဝန်ဆောင်မှုအခန်းကဏ္ဍ အရေးပါမှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ" ကို ၂၀၂၄ ခုနှစ် ဇွန် ၅ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့ပြီး ဆွေးနွေးပွဲပထမနေ့တွင် "ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ဝန်ထမ်းအင်အားစုဖွဲ့မှု ခိုင်မာအားကောင်းစေရန် ဆောင်ရွက်ခြင်း"၊ "အရည်အချင်းပြည့်မီ၍ စွမ်းဆောင်ရည်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ခန့်ထားခြင်း" ခေါင်းစဉ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဒုတိယနေ့တွင် "နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ ခိုင်မာအားကောင်းစေရန် ဆောင်ရွက်ခြင်း"၊ "ဒီဂျစ်တယ်စနစ်ကိုအခြေခံ၍ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း" ခေါင်းစဉ်များနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲသုံးရက်တာကာလအတွင်း ဦးဆောင်ဆွေးနွေးသူများက ခေါင်းစဉ်အလိုက် အချိန်ကိုက်ကွပ်ကဲ ဆောင်ရွက်နိုင်ခြင်း၊ တင်ပြဆွေးနွေးသူများကလည်း ပေးထားသည့်ခေါင်းစဉ်အလိုက် ရှုထောင့်အမြင်အမျိုးမျိုးဖြင့်ဆွေးနွေးတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဒေသတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိရန် တာဝန်ရှိသူများအနေဖြင့် ပူးပေါင်းဆောင်ရွက်

**မုံရွာ ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေး (၄/၂၀၂၄) ကို ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်၊ ကန့်ဘလူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ တက်ရောက်ကြပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ကသာခရိုင်များ၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ရွှေဘိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

**မြေပြင်အထိ ကွင်းဆင်း၍ ကြပ်မတ်**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဒေသတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိရန် တာဝန်ရှိသူများအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းမှုရှိမှသာ တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝမြင့်မား တိုးတက်လာမည်ဖြစ်ကြောင်း၊ စားရေရိက္ခာပေါများရေးအတွက် ဝယ်လိုအားထက်ရောင်းလိုအားများရန်အတွက် ကုန်ပစ္စည်း ပေါပေါများများဖြင့် ဈေးနှုန်းသက်သာကာ အရည်အသွေးမြင့်မားမှုရှိသည့် ထုတ်ကုန်များ ထုတ်လုပ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပံ့ပိုးဖြည့်ဆည်းပေးသွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများအား မြေပြင်အထိကွင်းဆင်း၍ ကြပ်မတ်ဆောင်ရွက်ပေးသွားကြရန် လိုအပ်ကြောင်း၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းများတွင်လည်း တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ မိမိတို့လုပ်ဆောင်နေသည့် လုပ်ငန်းများအပေါ် စေတနာထားကာ တာဝန်ကျေပွန်လိုစိတ်ဖြင့် ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင်လုံခြုံရေးအသိ၊ သတိတို့ဖြင့် လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးသန်းဆွေဝင်းက (၃/၂၀၂၄) အစည်းအဝေး၌ မှာကြားချက်များအပေါ် ဌာနဆိုင်ရာများက လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/ မြို့နယ်များအတွင်း မိမိတို့ဌာနများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုံခြုံရေး၊ အုပ်ချုပ်ရေးနှင့် စီမံရေးရာဆိုင်ရာများ၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ မြို့သာယာလှပရေးနှင့် မြို့နယ်များအတွင်း အခြေခံစားသောက်ကုန်များ ရောင်းချပေးနေမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်မှုနှင့် ကျောင်းအပ်နှံမှု အခြေအနေများအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းဆွေးနွေး တင်ပြကြသည်။



**ဒေသတည်ငြိမ်အေးချမ်းရေး**

ဆက်လက်၍ တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ကသာခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဦးခရိုင်၊ ရွှေဘိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် မိမိတို့ခရိုင်များအတွင်းရှိ မြို့နယ်များ၏ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ခရိုင်အတွင်း ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများက တိုင်းဒေသကြီးအတွင်း ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

**ပေါင်းစပ်ဆောင်ရွက်ပေး**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တက်ရောက်လာသူများ၏ ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး**

**(ပြန်/ဆက်)**

# တနင်္သာရီမြို့၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**တနင်္သာရီ ဇွန် ၇**

(၅၁)ကြိမ်မြောက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို တနင်္သာရီမြို့နယ် သစ်တောဦးစီးဌာနကကြီးမှူး၍ ဆင်ခြေဖုန်းကျေးရွာအုပ်စု အောက်ကင်းအရှေ့ကျေးရွာ ပြည်ထောင်စုလမ်းမကြီးဘေး၌ ဇွန် ၅ ရက်က ကျင်းပရာ အမှတ် (၂)စစ်နယ်မြေမှူး ဗိုလ်မှူးကြီးမျိုးမင်းသူ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ထူးနှင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၀၀ ခန့်က ပျဉ်းကတိုးပင် ၁၀၀၊ စိန်ပန်းပင် ၆၀၊ မဟော်ဂနီပင် ၈၀၊ ခရေပင် ၇၀၊ မန်ဂျန်ရှားပင် ၆၀ နှင့် ကံ့ကော်ပင် ၅၀ တို့ကို မြို့နယ်သစ်တောဦးစီးဌာနဝန်ထမ်းများ၏ ကူညီမှုဖြင့် စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးတွင် ပါဝင်ဆင်နွှဲကြမည့် အားကစားမောင်မယ်များနှင့် ဒိုင်/ဂျူရီများ သိရှိလိုက်နာသင့်သည့် အားကစားစိတ်ဓာတ်နှင့် Fair Play အကြောင်း တစေ့တစောင်း

**မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဘက်ပေါင်းစုံမှ တွန်းအားပေး ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။**

**ကိုဌေး(ကနောင်)**

သို့ဖြစ်၍ အမျိုးသားအားကစားပွဲတော်ကြီးတွင် ပါဝင်ဆင်နွှဲကြမည့် အားကစားမောင်မယ်များအနေဖြင့် ပြိုင်ပွဲများကို အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် ပါဝင်ယှဉ်ပြိုင်ကြစေရေး၊ အားကစားနည်းအလိုက် ပြိုင်ပွဲ ပွဲစဉ်များကို အကဲဖြတ်သုံးသပ်ဆုံးဖြတ်ပေးရမည့် ဒိုင်/ဂျူရီအဖွဲ့ဝင်များသည်လည်း စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များနှင့်အညီ တရားမျှတစွာ သုံးသပ်ဆုံးဖြတ်နိုင်စေရေးနှင့် ပြိုင်ပွဲပွဲစဉ်များကို လာရောက်ကြည့်ရှုအားပေးကြမည့် ပရိသတ်များကလည်း နိုင်ငံကြီးသားပီသစွာ မျှမျှတတ အားပေးတတ်စေရေးတို့အတွက် ရည်ရွယ်၍ ဤဆောင်းပါးကို ရေးသားတင်ပြရခြင်းဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် ကျင်းပလျက်ရှိသည့် အိုလံပစ်အားကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲ၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၊ ကမ္ဘာ့တိုက်ကြီးများဖလားဘောလုံးပြိုင်ပွဲ၊ ဥရောပဖလားဘောလုံးပြိုင်ပွဲ၊ Champion League ဘောလုံးပြိုင်ပွဲ၊ နိုင်ငံအသီးသီးတွင် ကျင်းပလျက်ရှိသည့် League ပြိုင်ပွဲအမျိုးမျိုးအပြင် အပြည်ပြည်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များက ကြီးမှူးကျင်းပလျက်ရှိသည့် အားကစားနည်းအလိုက် ပြိုင်ပွဲပေါင်း မြောက်မြားစွာရှိကြပါသည်။

ပြိုင်ပွဲအသီးသီးတွင် သက်ဆိုင်ရာ အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်လျက်ရှိကြသည့် အားကစားသမားများအနေဖြင့် မိမိတို့ပါဝင်ယှဉ်ပြိုင်သည့် အားကစားနည်းများ၏ စည်းမျဉ်း၊ စည်းကမ်းဥပဒေများကို သိရှိထားကြရန် လိုအပ်သကဲ့သို့ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရာတွင် **အားကစားစိတ်ဓာတ်**အပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြရန်လည်း အထူးလိုအပ်လှပါသည်။

**အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ခြင်းမပြုသရွေ့ အလားတူဖြစ်ရပ်မျိုး မကြာခဏဆိုသလို ဖြစ်ပေါ်နေမည်**

အားကစားပြိုင်ပွဲများတွင် အားကစားနည်းအလိုက် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများကို အားကစားသမားများ ကိုယ်တိုင်သော်လည်းကောင်း၊ ပွဲကြည့်ပရိသတ်များအနေဖြင့်သော်လည်းကောင်း သိရှိနားလည်မှု အားနည်း၍ဖြစ်စေ၊ အားကစားစိတ်ဓာတ်ကင်းမဲ့စွာ ယှဉ်ပြိုင်ခြင်းကြောင့်ဖြစ်စေ၊ သတ်မှတ်စည်းကမ်းများ၏ ဥပဒေပြင်ပယှဉ်ပြိုင်မှုများကြောင့်ဖြစ်စေ၊ ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်အား မကျေနပ်၍ဖြစ်စေ၊ ပရိသတ်များ၏ လွန်ကဲစွာအားပေးမှုကြောင့်ဖြစ်စေ အားကစားပြိုင်ပွဲများတွင် မကြာခဏ အငြင်းပွားမှုများ၊ ကွင်းအတွင်း ခိုက်ရန်ဖြစ်ပွားမှုများမှသည် ကွင်းပြင်ပ ပရိသတ်များအထိပါ တစ်ဖက်နှင့်တစ်ဖက် ပဋိပက္ခ ရုန်းရင်းဆန်ခတ် ခိုက်ရန်ဖြစ်ပွားမှုဖြစ်စဉ်များရှိခဲ့ပြီး ထိုဖြစ်စဉ်များကြောင့် လူပေါင်းရာချီ၍ သေဆုံးမှုများဖြစ်ပွားခဲ့သည့် သာဓကများ ဖြစ်ပေါ်ခဲ့ဖူးပါသည်။ သို့ဖြစ်၍ အားကစားပြိုင်ပွဲတိုင်းတွင် အားကစားသမားများအနေဖြင့် **အားကစားစိတ်ဓာတ်**အပြည့်ဖြင့် ယှဉ်ပြိုင်ခြင်းမပြုသရွေ့ အလားတူဖြစ်စဉ်ဖြစ်ရပ်မျိုး မကြာခဏဆိုသလို ဖြစ်ပေါ်နေမည်ဟု ယူဆမိပါသည်။

အားကစားစိတ်ဓာတ်နှင့်ပတ်သက်၍ အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုထားရှိသည်ကို မှတ်သားဖူးပါသည်။ မှတ်သားမိသလောက် အားကစားစိတ်ဓာတ်နှင့်



ဂျော်ဂျီယာဘောလုံးကစားသမားတစ်ဦး ဘောလုံးကွင်းအတွင်း လဲကျနေမှုကို အားကစားသမားအချင်းချင်း ကူညီရိုင်းပင်း ဆောင်ရွက်ပေးနေစဉ်။

**❍ အားကစားပြိုင်ပွဲများတွင် ပရိသတ်များ၏ လွန်ကဲစွာအားပေးမှုကြောင့်ဖြစ်စေ အားကစားပြိုင်ပွဲများတွင် မကြာခဏအငြင်းပွားမှုများ၊ ကွင်းအတွင်း ခိုက်ရန်ဖြစ်ပွားမှုများမှသည် ကွင်းပြင်ပ ပရိသတ်များအထိပါ တစ်ဖက်နှင့်တစ်ဖက် ပဋိပက္ခ ရုန်းရင်းဆန်ခတ် ခိုက်ရန်ဖြစ်ပွားမှုဖြစ်စဉ်များရှိခဲ့ပြီး ထိုဖြစ်စဉ်များကြောင့် လူပေါင်းရာချီ၍ သေဆုံးမှုများ ဖြစ်ပွားခဲ့သည့် သာဓကများ ဖြစ်ပေါ်ခဲ့ဖူးပါသည်။ သို့ဖြစ်၍ အားကစားပြိုင်ပွဲတိုင်းတွင် အားကစားသမားများအနေဖြင့် အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ခြင်းမပြုသရွေ့ အလားတူဖြစ်စဉ်ဖြစ်ရပ်မျိုး မကြာခဏဆိုသလို ဖြစ်ပေါ်နေမည်ဟု ယူဆမိ**

ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို တင်ပြရလျှင်–

- အားကစားယှဉ်ပြိုင်ရာ၌ အားကစားသမားတိုင်းသည် သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများကိုသာမက နည်းပြဆရာ၊ အုပ်ချုပ်မှု၊ အားကစားဆေးပညာရှင် အစရှိသော ပြိုင်ပွဲတာဝန်ရှိသူများ၏ လမ်းညွှန်မှုနှင့် အဆုံးအဖြတ်တို့ကို တိကျလေးစားစွာ လိုက်နာရမည်။
- အားကစားယှဉ်ပြိုင်ရာ၌ အားကစားသမားတိုင်းသည် ပွဲကြည့်ပရိသတ်များအား စော်ကားသည့် ရိုင်းပျသည့်နွမ်းသော အပြုအမူ အပြောအဆိုများကို မပြုမိစေရေးဆင်ခြင်ရန် တစ်နည်းအားဖြင့် ကိုယ်စိတ်နှလုံး သုံးပါးစလုံးကို စောင့်ထိန်းရမည်။
- အားကစားယှဉ်ပြိုင်ရာ၌ မိမိလူမျိုး၊ မိမိနိုင်ငံတော်၏ ကျေးဇူးကို စောင့်သိလျက် အမျိုးဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းယှဉ်ပြိုင်ရမည်။
- အားကစားယှဉ်ပြိုင်ရာ၌ ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်ဆိုသကဲ့သို့ မလျှော့သောဇွဲ၊ သတ္တိ၊ ပြင်းပြသောလုံ့လတို့ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်။
- အားကစားယှဉ်ပြိုင်ရာ၌ ရွှေတံဆိပ်ဆုရရှိရေးထက် ပို၍အရေးကြီးသည်မှာ ယှဉ်ပြိုင်ဘက် အားကစားသမားတစ်ဦး ဘေးဒုက္ခကြုံတွေ့နေခြင်းကို ကိုယ်ကျိုးစွန့်ပြီး ကူညီမှုဖြစ်သည်။
- အားကစားယှဉ်ပြိုင်ရာ၌ အနိုင်ရသူအပေါ် မနာလိုမှု(ဣဿာ)၊ ဝန်တိုမှု(မစ္ဆရိယ)စိတ်များ မထားရဘဲ အနိုင်ရလောက်သော အားကစားစွမ်းရည်ရှိ၍ အနိုင်ရခြင်းဖြစ်ကြောင်းနှင့် သူ့နည်းတူဖြစ်ဖို့ မိမိဘက်မှ ဆတက်ထမ်းပိုး ကြိုးစားရဦးမည်ဖြစ်ကြောင်းတို့ကို အမှန်အတိုင်းနားလည်လျက် အနိုင်ရသူနှင့်ထပ်တူထပ်မျှ ဝမ်းသာနိုင်အောင် ကြိုးစားရမည်။
- အားကစားယှဉ်ပြိုင်ရာ၌ သာမန်ပွဲသေးဖြစ်၍ ရေသာခိုပြီး ကစားခြင်းနှင့် ထိပ်တန်းပွဲကြီးဖြစ်၍ အားသွန်ပြီးကစားခြင်းတို့ကို မပြုသင့်ဘဲ ပြိုင်ပွဲအပေါ်မူတည်၍ အလျှော့အတင်းဖြင့် ကစားခြင်းသည် ယှဉ်ပြိုင်မှုအလေ့အကျင့်ကို ထိခိုက်ပျက်စီးစေပါသည်။
- အားကစားယှဉ်ပြိုင်ရာ၌ အသက်အရွယ်သည် ပဓာနမဟုတ်ဘဲ ပါဝင်ဆင်နွှဲခြင်းသည်သာ ပဓာနဖြစ်ပါသည်။
- အားကစားယှဉ်ပြိုင်ရာ၌ တားမြစ်ဆေးစသည်တို့၏ အကူအညီကိုယူပြီး မရိုးဖြောင့်သည့်နည်းဖြင့် ယှဉ်ပြိုင်ခြင်းမပြုဘဲ အပြစ်ကင်းသည့်အလုပ်ကို ပြုလုပ်မိပါစေ။
- အားကစားယှဉ်ပြိုင်ရာ၌ အားကစားသမားတစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားခြင်း၊ ချစ်ခင်ညီညွတ်ခြင်း၊ ကူညီရိုင်းပင်းခြင်းတို့နှင့်သာ ယှဉ်ပြိုင်ရမည်။
- အားကစားလေ့ကျင့်ရာ၌ လည်းကောင်း၊ အားကစားယှဉ်ပြိုင်ရာ၌ လည်းကောင်း ပွင့်လင်းမှု၊ ရိုးသားမှု၊ သည်းခံမှု၊ ခွင့်လွှတ်မှု၊ စိတ်ရှည်ရှည်ထားမှု၊ နိုးကြားမှု၊ ကြိုးစားမှု အစရှိသည်တို့ကို အမြဲရှိထားရပါမည်။
- အားကစားသမားချင်း တစ်ဦးကိုတစ်ဦး ရဲဘော်ရဲဘက်စိတ်ထားရှိရမည် စသည်ဖြင့် အယူအဆအမျိုးမျိုး အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်း တွေ့ရှိရပါသည်။

**ဘောလုံးပြိုင်ပွဲ၏ စည်းကမ်းချက်များသတ်မှတ်ခဲ့**

အားကစားစိတ်ဓာတ်နှင့်ပတ်သက်၍ အတွေ့အကြုံတစ်ခုကို တင်ပြရလျှင် အာရှဘောလုံးအဖွဲ့ချုပ်၏ အစီအမံဖြင့် အရှေ့တောင်အာရှနိုင်ငံများ၏ ကျောင်းသားလူငယ်ဘောလုံးပွဲတော်ကို လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ကျော်က စတင်ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါလူငယ်ဘောလုံးပွဲတော်သို့ တက်ရောက်လေ့လာခွင့်ရရှိခဲ့ပါသည်။ ထိုအချိန်မှာ ၂၀၀၄ ခုနှစ် ဇွန်လအတွင်းတွင်ဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် အသက်(၁၄) နှစ်အောက် ကျောင်းသားအားကစားပွဲတော် ကျင်းပခဲ့ရာ အာရှနိုင်ငံများမှ တစ်ချိန်တွင် ဘောလုံးအကျော်အမော်များဖြစ်လာမည့် လူငယ်ကျောင်းသားအားကစားသမားများ ပါဝင်ယှဉ်ပြိုင်သည့် လူငယ်ကျောင်းသားပွဲတော်(ဘောလုံးပြိုင်ပွဲ)၏ စည်းကမ်းသတ်မှတ်ချက်များတွင် Yellow Card, Red Card များအပြင် Green Card ကိုပါ ထည့်သွင်းသတ်မှတ်ခဲ့ပါသည်။

တားမြစ်ထားသည့် သာမန်ပြစ်မှုများဖြစ်ပါက Yellow Card (အဝါကတ်) ပြသပြီး ပြိုင်ဘက်ကစားသမားအား ထိခိုက်နစ်နာစေလိုသော ရည်ရွယ်ချက်ဖြင့် ပြစ်မှုကျူးလွန်ပါက တိုက်ရိုက်ထုတ်ပယ်သည့် Red Card (အနီကတ်) များကိုသာ ဒိုင်လူကြီးများသုံးစွဲသည်ကို မြင်တွေ့ခဲ့ဖူးသော်လည်း အဆိုပါကျောင်းသားအားကစားပွဲတော်တွင် ဘောလုံးအားကစားဆောင်ပုဒ်ဖြစ်သည့် Fair Play ဆောင်ပုဒ်အား မျိုးဆက်သစ်များ အတုယူလိုက်နာတတ်စေရေးအတွက် Green Card (အစိမ်းကတ်) အား ထည့်သွင်းအသုံးပြုခဲ့သည်ကို တွေ့ခဲ့ရပါသည်။

**Green Card မှာ ကစားသမားနှစ်ဦး အင်တိုက်အားတိုက် အားကြိုးမာန်တက် ယှဉ်ပြိုင်ကစားနေစဉ်အတွင်း တစ်ဦးလဲကျသွားပါက ကျန်အားကစားသမားတစ်ဦးက ဘောလုံးကိုဆက်မကစားဘဲ လဲကျသွားသည့် ကစားသမားအား ဆွဲထူပေးခြင်း၊ တောင်းပန်ခြင်းများ ချက်ချင်းပြုလုပ်ပါသည်။ အလားတူ ရှေ့တန်းကစားသမားနှင့် နောက်တန်းကစားသမား ဘောလုံးယှဉ်ပြိုင်လုရင်း နောက်တန်းကစားသမား လဲကျကျန်ခဲ့ပြီး ပြိုင်ဘက်ရှေ့တန်းကစားသမားက ဂိုးသွင်းခွင့် အခွင့်အရေးရရှိသွားသော်လည်း ဂိုးသွင်းခြင်းမပြုဘဲ လဲကျသွားသည့် ကစားသမားအား ဆွဲထူပေးခြင်း၊ တောင်းပန်ခြင်းများ ပြုလုပ်ပါသည်။**

*စာမျက်နှာ ၁၇ သို့*

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၄-၆-၂၀၂၄ ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၂၆-၂-၂၀၂၄ ရက်နေ့မှ ၁၇-၅-၂၀၂၄ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် တစ်ဦး၊ မဂ္ဂဇင်း နှစ်ဦးနှင့် အထွေထွေ ၃၂ ဦး ပေါင်း ၃၅ ဦး ကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူ တစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၄၃၀ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၀၉ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၅၃၇ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# ပွင့်ဖြူမြို့နယ်၌ လေဘေးသင့်အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့

**ပွင့်ဖြူ ဇွန် ၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မေ ၂၁ ရက်က မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် လူနေအိမ် ၁၃၉ လုံး ထိခိုက်ပျက်စီးသည့် လေဘေးသင့်အိမ်ထောင်စုများအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး ထောက်ပံ့ပေးအပ်ခြင်းကို ဇွန် ၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။



ဦးစွာ မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်က အမှာစကားပြောကြားပြီး မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မင်းဘူးခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများက ပွင့်ဖြူမြို့နယ်ရှိကျေးရွာအုပ်စု လေးအုပ်စု၊ ကျေးရွာ ရှစ်ရွာမှ လူနေအိမ် ၁၃၉ လုံး အမိုးလန်ပျက်စီးမှုနှင့် နေအိမ်အလုံး ၂၀ ပြိုလဲပျက်စီးခဲ့သည့် လေဘေးသင့်အိမ်ထောင်စုများအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် ၄၈၈၀၀၀၀၊ လေဘေးသင့် အိမ်ထောင်စုဝင် ၃၇၉ ဦးအတွက် တစ်ပတ်စာ ဆန်ရိက္ခာ ထောက်ပံ့ငွေကျပ် ၇၉၅၉၀၀ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၅၆၇၅၉၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးတို့ကို လေဘေးသင့်အိမ်ထောင်စုများထံ စနစ်တကျ ထောက်ပံ့ပေးအပ်ခဲ့သည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# မုန်တိုင်းဘေး အသိပညာပေး

အောက်ဖော်ပြပါအရေးပေါ် သုံးပစ္စည်းများ သင်နှင့် အတူရှိပြီလား ဆန်းစစ်ပါ။



ပေါ်ပါးပြီး ရေစိုခံကာ သယ်ယူရ လွယ်ကူသော အိတ်ဖြင့်ထည့်ရန်။

- ☐ ရေနှင့် ခြောက်ဆားများ
- ☐ ကြာရှည်ခံအစားအစာများ
- ☐ ရှေးဦးသူနာပြုပစ္စည်းများနှင့် သုံးစွဲနေသည့်ဆေးဝါးများ
- ☐ အရေးပေါ်ခြံစောင်
- ☐ အဝတ်အစားများ
- ☐ ရေစိုခံမိုးကာ
- ☐ အကြမ်းခံသည့် ဖိနပ်။
- ☐ ဘက်ထရီအပြည့်ရှိသည့် ဖုန်းနှင့် ရေဒီယို
- ☐ လက်နှိပ်ဓာတ်မီး/မီးအိမ်နှင့် ဓာတ်ခဲ အပိုများ
- ☐ ဘက်စုံသုံး အိတ်ဆောင်ဓါး၊ ကြိုး
- ☐ ဖယောင်းတိုင်၊ မီးခြစ်
- ☐ အခြားသူများ အာရုံစိုက်မှုရစေရန် လိုအပ်သည့် ဝီစီ
- ☐ တစ်ကိုယ်ရေသုံး အသုံးအဆောင်များ (ဆပ်ပြာ၊သွားတိုက်ဆေး)
- ☐ ရေစိုခံအိတ်နှင့် ထည့်ထားသည့် အရေးကြီးစာရွက်စာတမ်း၊ ငွေသား
- ☐ ကလေးများ၏ ကျောင်းသုံးပစ္စည်းများ


သဘာဝဘေးအန္တရာယ်ကြုံတွေ့လျှင်ဆက်သွယ်ရန်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

ရုံးအမှတ်(၂၃)၊ နေပြည်တော်

၂၄ နာရီဆက်သွယ်ရန် - ၀၆၇ - ၃၄၀၄၆၆၆၊ ၀၆၇ - ၃၄၀၄၇၇၇

Email - ddmrelief.lm@gmail.com, reliefupper2022@gmail.com, myanmareoc.rrd@gmail.com


# ခရမ်းမြို့နယ်၌ ပန်းခင်းစီမံချက် (၃) ဖြင့် နိုင်ငံသားပြုလက်မှတ်နှင့် စိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

**ခရမ်း ဇွန် ၇**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သန်းနှင့်အတူ ဝန်ထမ်းများသည် ခရမ်းမြို့နယ် အမှတ် (၅) ရပ်ကွက်ရှိ ဟိန္ဒူဘုရားကျောင်းတွင် နိုင်ငံသားပြုခွင့် စိစစ်ရေးကတ်ပြားနှင့် နိုင်ငံသားပြုခွင့်လက်မှတ်ထုတ်ပေးခြင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ပန်းခင်းစီမံချက် (၃) ဖြင့် ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးက ပန်းခင်းစီမံချက် (၃) ဖြင့် နိုင်ငံသားပြုခွင့် စိစစ်ရေးကတ်ပြားနှင့် နိုင်ငံသားပြုခွင့် ပြုလုပ်ပေးရာတွင် သိသင့်သိထိုက်သည့်အချက်များနှင့် ပန်းခင်းစီမံချက် (၃) ဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံသားပြုခွင့် စိစစ်ရေးကတ်ပြား ကိုင်ဆောင်သူများ၏ ရပိုင်ခွင့်များ၊ နိုင်ငံသားပြုခွင့်လက်မှတ် ကိုင်ဆောင်သူတို့ လိုက်နာရမည့် စည်းကမ်းချက်များ၊ အိမ်ထောင်စု လူဦးရေစာရင်း လျှောက်ထားမှု၊ မွေးဖွားသေဆုံး/ပြောင်းဝင်/ ပြောင်းထွက်လုပ်ငန်းတို့၏ အရေးပါပုံတို့နှင့်အတူ ပြုလုပ်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြုပြင်ခြင်းနှင့် ပျောက်ဆုံးပျက်စီးမှုများရှိပါက သက်ဆိုင်ရာဦးစီးဌာနသို့ ဆက်သွယ်ပြုလုပ်နိုင်ကြောင်းနှင့် နိုင်ငံသားကတ်ပြား၏ တန်ဖိုးနားလည်စေရန်နှင့် ဌာနမှ biometric လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ပြုလုပ် ပြီးစီးခဲ့သည့် နိုင်ငံသားပြုခွင့် စိစစ်ရေးကတ်ပြားနှင့် နိုင်ငံသားပြုလက်မှတ်များကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သန်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီ(လ်)ဟိန္ဒူဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးသိန်းလွင်နှင့် အဖွဲ့ဝင်များက ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပန်းခင်းစီမံချက် (၃) ဖြင့် ခရမ်းမြို့နယ်အတွင်းရှိ အိန္ဒိယနွယ်ဖွား တမီ(လ်)ပြည်သူ ၁၈၂ ဦးတို့ကို နိုင်ငံသားပြုခွင့် စိစစ်ရေးကတ်ပြားနှင့် နိုင်ငံသားပြုခွင့် လက်မှတ်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုမင်း (ခရမ်း)**



*စာမျက်နှာ ၁၆ မှ*

ထိုသို့သောဖြစ်စဉ်များအား မြင်တွေ့ရပါက ဒိုင်လူကြီးက အနီးသို့ပြေးသွားပြီး ဆွဲထုတ်ပေးသည့် ကစားသမားကို **အားကစားစိတ်ဓာတ်**ရှိသူအဖြစ် ဂုဏ်ပြုသတ်မှတ်သည့်အနေဖြင့် Green Card အား ပြသပါသည်။ ပြိုင်ပွဲပြီးဆုံးချိန်တွင် ပြိုင်ပွဲဝင်အသင်း တစ်သင်းလုံး အဝါကတ်၊ အနီကတ် လုံးဝပြသခံရခြင်းမရှိသည့်အသင်းအား ကွင်းလယ်ဒိုင်လူကြီးက အနီးသို့ သွားရောက်ပြီး တစ်သင်းလုံးအား Green Card ပြသပြီး **အားကစားစိတ်ဓာတ်**ပြည့်ဝသော အသင်းအဖြစ် ဂုဏ်ပြုပါသည်။

ပြိုင်ပွဲကြီးပြီးဆုံးချိန်တွင်လည်း ပထမရရှိသော အသင်းအား ဆုဖလား၊ ဆုတံဆိပ်များ ချီးမြှင့်ပေးအပ်သလို ပွဲစဉ်တစ်လျှောက် အသန့်ရှင်းဆုံး **အားကစားစိတ်ဓာတ်**အပြည့်အဝဖြင့် ယှဉ်ပြိုင်သည့် Green Card အများဆုံးရရှိသည့် အသင်းအား ပထမရရှိသည့်အသင်းနှင့်တန်းတူ ဆုဖလားနှင့် ဆုတံဆိပ်များ ချီးမြှင့်ပေးအပ်ခဲ့ပါသည်။ ဤကျောင်းသား အားကစားပွဲတော်က ဆုချီးမြှင့်သည့် အခမ်းအနားတွင် ပထမရရှိသော အသင်းထက် အသန့်ရှင်းဆုံးဆုနှင့် **အားကစားစိတ်ဓာတ်**အပြည့်ဖြင့် ယှဉ်ပြိုင်သည့်အသင်းအား ပရိသတ်က ပိုမိုအားပေးဂုဏ်ပြုကြသည်ကို ဂုဏ်ယူဖွယ် မြင်တွေ့ခဲ့ရပါသည်။ သို့ဖြစ်၍ အားကစားသမားတိုင်း ပြိုင်ပွဲဝင်ရာတွင် **အားကစားစိတ်ဓာတ်**အပြည့်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြရန်မှာ အထူးအရေးကြီးလှပေသည်။

အားကစားပြိုင်ပွဲတိုင်းတွင် ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် **အားကစားစိတ်ဓာတ်** အပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြရန် လိုအပ်သကဲ့သို့ ပြိုင်ပွဲတိုင်းတွင် Fair Play ဖြစ်စေရန်လည်း အထူးလိုအပ်လှပါသည်။

**အားကစားပြိုင်ပွဲများတွင် အကျည်းတန် အရုပ်ဆိုးဖြစ်ရပ်များ ပေါ်ပေါက်**

Fair Play ဆိုသည်မှာ အားကစားသမားများနှင့်သာ သက်ဆိုင်နေခြင်းမျိုးမဟုတ်ဘဲ ပြိုင်ပွဲတစ်ခု ကျင်းပပြုလုပ်မည်ဆိုလျှင် မဖြစ်မနေ ပါဝင်ပတ်သက်နေသူများဖြစ်သည့် (၁) အားကစားသမား၊ (၂) ဒိုင်လူကြီး၊ (၃) ပွဲကြည့်ပရိသတ်၊ (၄) ပြိုင်ပွဲကျင်းပရေးကော်မတီနှင့် (၅) ပြိုင်ပွဲကျင်းပမည့် အားကစားကွင်း/အားကစားရုံအခြေအနေတို့ မဖြစ်မနေ ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်ပါသည်။

အားကစားပြိုင်ပွဲများ အထူးသဖြင့် ဘောလုံးပြိုင်ပွဲများအား အကျည်းတန်အရုပ်ဆိုးစေသည့်ဖြစ်ရပ်များမှာ ပြိုင်ပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားရာတွင် ပြဿနာများ ပေါ်ပေါက်ပြီး ပွဲရပ်ဆိုင်းလိုက်ရခြင်း၊ ရုန်းရင်းဆန်ခတ်ဖြစ်ခြင်း၊ ပြိုင်ပွဲကြီးကြပ်သူ ဒိုင်လူကြီးများအား မချေမငံ ပြုမူပြောဆိုခြင်း၊ ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်း၊ ပရိသတ်များ၏ ဆူပူအကြမ်းဖက် ရမ်းကားခြင်းပင်ဖြစ်ပါသည်။

ယခုခေတ်တွင် အားကစားနည်းအလိုက် နိုင်ငံတကာ အားကစားပြိုင်ပွဲများကို မြန်မာနိုင်ငံအနေဖြင့် မကြာခဏဆိုသလို အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ အိမ်ရှင်အဖြစ် လက်ခံကျင်းပသော နိုင်ငံတွင် အထက်ပါဖြစ်စဉ်များ ဖြစ်ပွားပါက သက်ဆိုင်ရာအိမ်ရှင်နိုင်ငံ၏ အားကစားအဖွဲ့ချုပ်များအား အရေးယူမှုများ ပြုလုပ်လာသည်အထိပင် ဖြစ်သည်ဟု ကြားသိရခြင်းမှာ မနှစ်မြို့စရာဖြစ်သည့်အပြင် သက်ဆိုင်ရာနိုင်ငံနှင့် လူမျိုးတို့၏ ဂုဏ်သိက္ခာကိုပင် ထိခိုက်လာစေပါသည်။ သို့ဖြစ်၍ ပြိုင်ပွဲတစ်ခု ကျင်းပရာတွင် ပါဝင်ပတ်သက်နေသူများ၏ အခန်းကဏ္ဍကို ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုရမည် ဖြစ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
၂၀၂၄ ခုနှစ် တရားမကြီးမှုအမှတ်-၈၅

ဦးငွေအောင် နှင့် ၁။ ဦးရန်ရှင်း
(၎င်း၏အခွင့်ရကိုယ်စားလှယ် ၂။ ဦးဆန်းငွေ
ဦးခိုင်စိုးဦး)
**တရားလို** **တရားပြိုင်များ**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက် (၁၂၇)နေ ဦးဆန်းငွေ (ဘ) ဦးတင်ဦး (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

တရားပြိုင် ဦးဆန်းငွေ သင့်အပေါ်၌ ဦးငွေအောင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးခိုင်စိုးဦး) က မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၅၂)၊ ဦးပိုင်အမှတ် (၈၄+၈၅)ရှိ ဗိုလ်မှူးကြီး ငွေအောင် အမည်ပေါက် ဂရန်မြေကွက်အား စာချုပ်စာတမ်းတရားမဝင် ပျက်ပြယ်ကြောင်း မြွက်ဟ ကြေညာပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၇ ရက် (၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ် စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြည်ပြာဆင့်)**
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၆

ဒေါ်အေးလန့် နှင့် ဦးတင်မြင့်
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၆၄(ဘီ)လမ်း ၁၁၄ နှင့် ၁၁၅ လမ်းကြား (က)ရပ်ကွက်နေ ဦးတင်မြင့် (ဘ)ဦးဘိုးသူ(ယခုနေရပ်လိပ်စာမသိ) သိစေ ရမည်။

တရားပြိုင် ဦးတင်မြင့် သင့်အပေါ်၌ တရားလို ဒေါ်အေးလန့်က ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက် အကွက်အမှတ် (သ-၉)၊ ဦးပိုင်အမှတ် (၅၅) ဧရိယာ ဝ ဒသမ ဝ၅၅၁ ဧကေ အကျယ်အဝန်းရှိဦးတင်မြင့် အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၄ ရက် (၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီ တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သိင်္ဂီဝင်း)**
**တွဲဖက်မြို့ နယ်တရားသူကြီး (၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၆

ဒေါ်ခင်ခင်ရီ နှင့် ၁။ ဦးကျော်သူအေး
၂။ ဦးမင်းမင်းထူး
**တရားလို** **တရားပြိုင်များ**

အမှတ်(၂) တရားပြိုင် ဦးမင်းမင်းထူး၊ အမှတ်(ခ-၃၆)၊ ကျောက်ရေတွင်း (၅)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပြင်ဦးလွင်ခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၂/၂၀၁၃တွင် ၂၂-၄-၂၀၁၃ ရက်က ချမှတ်ခဲ့သော စီရင်ချက်နှင့်ဒီကရီသည် တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၆ ရက် (၁၃၈၆ ခုနှစ်၊ နယုန်လဆုတ် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင်သင့် မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ်သင့် ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။ **(ချစ်လွင်)**
**ဒုတိယခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## အမည်ပြောင်း

မုံရွာမြို့၊ SEC G-2 မှ ဦးနိုင်လင်းထွန်း-ဒေါ်ယုခိုင်ဝင်း တို့၏သား မောင်ကောင်းခန့်ဟိန်း အား မောင်ခန့်ညားဟိဏ်း ဟု ပြောင်းလဲခေါ်ပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ်(၇၆၉)၊ ဦးပိုင်အမှတ်(၁-၈/၁၂)၊ လမ်း ၃၀၊ ၆၇ x ၆၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မြင့်မြင့်သန်း၏ (SP ရရှိသူ ဒေါ်ဆန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၆၉/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သီသီခိုင် ၉/ပသက(နိုင်)၀၉၈၅၀၉ က အမှုတွဲအမှတ် ၁၂၀၆/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 4E/9207 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၄၉၂-စ)၊ ဦးပိုင်အမှတ်(၁၂-ခဲစင်း)၊ မဋ္ဌာရုံလမ်းနှင့် ၅၅ လမ်းကြား၊ ၂၄ x ၂၅ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်ဆွေထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၄၁၄၉/၂၀၁၉)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်သီတာထွန်း ၉/မဟမ (နိုင်)၀၀၁၃၁၀ က အမှုတွဲအမှတ်၁၂၀၃ /၂၀၂၄-၂၀၂၅ ဖြင့် ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၄၉၂-စ)၊ ဦးပိုင်အမှတ်(၁၂-ခဲစင်း)၊ ၈၈ လမ်း၊ ၁၈ x ၁၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်ဆွေထံမှ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်အမှတ်(၅၀၇/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်သီတာထွန်း ၉/မဟမ(နိုင်)၀၀၁၃၁၀ က အမှုတွဲအမှတ်၁၂၀၂ /၂၀၂၄-၂၀၂၅ ဖြင့် ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် (၅၁၄/၂)၊ ဦးပိုင်အမှတ်(၂၄၇)၊ ၅၈(B)လမ်း၊ ၃၂ x ၃၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါက်တာဦးသိန်းထွန်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၈၄၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းခမ်းထွေး ၁၃/သပန(နိုင်)၁၃၀၂၇၈ က အမှုတွဲအမှတ် ၁၂၀၇/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 11W/24719 Jialing 90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမော် ၉/ခမစ(နိုင်)၀၁၉၅၆၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၈)၊ ဦးပိုင်အမှတ်(၂၇)၊ ၁၇x၁၈လမ်းကြား၊ ၆၂ x ၆၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်ရီ ၉/မနမ(နိုင်)၀၆၂၈၀၈ က အမှုတွဲအမှတ် ၁၂၁၅/၂၀၂၄-၂၀၂၅ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၈၉)၊ ဦးပိုင်အမှတ်(၃၉)၊ ၁၆ x ၁၇ လမ်းကြား၊ ၈၈ x ၈၉ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးရဲနောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၁၀၉၄/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ကိုကိုမင်း ၉/ပမန(နိုင်) ၁၆၈၅၃၇၊ ဒေါ်လှိုင်ယမင်းထွန်း ၉/အမဇ(နိုင်)၀၃၆၁၅၉ တို့က အမှုတွဲအမှတ် ၀၁၂၄/ဘ(ပြောင်း)/၂၀၂၄-၂၀၂၅ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၂)၊ ဦးပိုင်အမှတ်(၂၀-က)၊ ၆၂(B)လမ်း၊ ၂၀ x ၂၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်မိုးမြင့် ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၁၀၀၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးကိုကိုဦး ၉/မနမ(နိုင်) ၀၈၈၇၀၇၊ ဒေါ်သိန်းသိန်းဦး ၉/မနမ(နိုင်)၀၈၅၆၇၈ တို့က အမှုတွဲအမှတ် ၁၂၀၄/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 19W/65786 Dayang 125 ယာဉ်လက်ဝယ်ရှိသူ ဦးမြဇော် ၉/မနတ(နိုင်)၀၀၄၀၅၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7P/4436 DAIHATSU HIJET S211P PICKUP(4x4) ယာဉ်လက်ဝယ်ရှိသူ ဦးဖွဲလင်းအောင် ၉/မဟမ(နိုင်)၀၅၀၇၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၁၀၁-က/၇)၊ ၁၉ x ၂၂ လမ်းကြား၊ ၅၈ လမ်းနှင့် မြို့ပတ်လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမျိုးသိန်း၏ (SP ရရှိသူ ဦးကျော်ဘိုဘိုမောင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၃၂၄/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရန်မန့်ရှန်း ၁၃/တမည(နိုင်)၀၀၂၄၉၇ က အမှုတွဲအမှတ် ၁၂၀၅/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/ 31454 Honda C90 SD X ယာဉ်လက်ဝယ်ရှိသူ ဦးလွင်မင်းသောင်း ၉/မနမ (နိုင်) ၁၁၈၉၃၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

**အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဤဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-**

| စဉ် | အမည် | မှတ်ပုံတင် | လိပ်စာ | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် |
|---|---|---|---|---|---|---|
| ၁ | ဒေါ်နှင်းသဇင်ထွန်း | ၁/ဗမန(နိုင်)၀၈၂၀၅၂ | ၅၈၃/ခ၊ ပေါ်တော်မူလမ်းနှင့်ပုသိမ်(၁)လမ်းထောင့်၊ ၂၀-ရပ်ကွက်၊ ရွှေပြည်သာ | ၄၅/သံဒင်း | ၅၈၃ | ဦးစန်းငွေ |
| ၂ | ဦးအောင်သက်လင်း+၁ | ၆/မမန(နိုင်)၁၇၀၁၄၆ | ၁၁(A+B)၊ ရေတွင်းလမ်း၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ အလုံ | 23L | III 21,21A | The Trustees of the Sooratee Sunni Jdgah Alon(-) |
| ၃ | ဦးအောင်ကျော်ကျော် | ၁၂/ကမတ(နိုင်)၀၈၅၀၇၂ | ၆၃/၆၅၊ ဗိုလ်ဥတ္တမလမ်း၊ ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင် | 25E₁ | 13A/181/13A/182 | ကိုသိန်းမောင်၊ ကိုထွန်းရွှေ၊ မတင်လှိုင်၊ မခင်ချို |
| ၄ | ဒေါ်ခင်မျိုးကျော် | ၁၂/အစန(နိုင်)၁၅၀၄၅၃ | ၃၄၉/ခ၊ မဟာသုခိတာ(၂)လမ်း(တောင်)ကြို့ကုန်းအရှေ့ရပ်ကွက်၊ အင်းစိန် | ၆/D(၁၄၊၁၅၊၁၆) | ၃၄/A အစိတ်အပိုင်း | ဒေါ်အေးအေးထွေး |
| ၅ | ဦးထောင်ပေး | ၄/ဟခန(နိုင်)၀၂၁၁၄၂ | ၈၇၉၊ ပေါက်ပင်လမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန် | ၄၀၀/A စခွဲ၄ | ၂၂ အစိတ်အပိုင်း | ဦးဘိုးမြစ်၊ မမခွေး |
| ၆ | ဦးအောင်သန်း | ၁၂/သဃက(နိုင်)၁၄၄၄၃၃ | ၂၉၊ သမာဓိ(၅)လမ်း၊ ဆ/က-ရပ်ကွက်၊ သဃ်န်းကျွန်း | ၂၉/က | ၅/၆-၂ ၊ ၅/၄ Portion | ဦးမျိုးမင်း၊ ဦးမျိုးဝင်း |
| ၇ | ဒေါ်သီတာအုန်း | ၇/ရတရ(နိုင်)၀၄၂၄၉၁ | ၂၄၂ သုခလမ်းနှင့်ဇေတဝီကလမ်းထောင့်၊ ၁၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) | ၁၄ | ၂၄၂ | ဦးစိုးမြင့် |
| ၈ | ဦးခင်မောင်အုန်း+၁ | ၁၂/ဥကတ(နိုင်)၀၁၁၂၀၁ | ၁၆၅/က၊ ဇေယျာ(၇)လမ်း၊ ၁၀-ရပ်ကွက်၊ တောင်ဥက္ကလာပ | ၁၀ | ၁၆၅ ᵃ/₂ | ဦးအောင်ဖေ၊ ဦးစံမြင့် |
| ၉ | ဦးကျော်ကျော်ထက် | ၅/ရဘန(နိုင်)၁၉၁၁၃၂ | ၅၆၁/ခ၊ ကေတုမတီ(၁၈)လမ်း၊ ၆-ရပ်ကွက်၊ တောင်ဥက္ကလာပ | ၆ | ၅၆၁ | ဦးအောင်ညွန့်+ဦးစံတင် |
| ၁၀ | ဦးတင်မောင်နီ | ၁၂/ဗဟန(နိုင်)၀၃၀၆၃၈ | ၁၅၈၊ သုခလမ်း၊ ၅-ရပ်ကွက်၊ မရမ်းကုန်း၊ | ၄၁၄-A ကျောက်ရေတွင်း | ၈၈ အစိတ်အပိုင်း | K.M.S.N.N နာချိရပွချူးဦးယား |
| ၁၁ | ဦးဟိန်းဇော်လတ် | ၁၂/သကတ(နိုင်)၁၇၂၄၉၀ | ၅၈၃/က၊ ဝေဇယန္တာ(၁၂)လမ်း(အနောက်)၊ ၆/အနောက်ရပ်ကွက်၊ သာကေတ | ၆/အနောက် | ၅၈၃/က+ခ | ဦးအုန်းလှိုင် |
| ၁၂ | ဒေါ်ခိုင်ဇာဦး | ၁၂/မဂဒ(နိုင်)၁၁၅၆၇၅ | ၃၀၉၊ ပတ္တမြားလမ်း၊ ထောက်ကြန့်တိုးချဲ့ရပ်ကွက်၊ မင်္ဂလာဒုံ | ထောက်ကြန့် တိုးချဲ့ ၂/၁ | ၃၀၉ | ဦးအောင်သောင်း |
| ၁၃ | ဦးသန်းထိုက်အောင် | ၇/ကတခ(နိုင်)၀၀၀၇၆၃ | ၁၁၁/က၊ စံပါယ်မြိုင်(၆)လမ်း၊ ၁၇-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၁၇ | ၁၁၁ | ဒေါ်အုန်းမြိုင် |
| ၁၄ | ဒေါ်လှကို | ၈/ရနခ(နိုင်) ၀၁၅၃၇၅ | ၂၁၉၃/ခ၊ ဗိုလ်မင်းရောင်(၆)လမ်းနှင့် ဗိုလ်မင်းရောင်လမ်းသွယ်လမ်းထောင့်၊ ၇၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၇၁ | ၂၁၉၃/ခ | ဦးတင်မောင် |
| ၁၅ | ဒေါ်သီသီအောင် | ၁၂/ဒဂမ(နိုင်)၀၁၇၃၈၃ | ၉၂၇/က၊ ကျောက်စိမ်း(၈)လမ်း၊ ၄၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၄၄ | ၉၂၇ | ဦးတင်လှ |
| ၁၆ | ဦးဇော်ထိုက် | ၁၄/ဒဒရ(နိုင်)၀၉၇၇၃၉ | ၆၀၃/ခ၊မြစိမ်းရောင်(၁)လမ်း၊အတွင်းသံကျေးရွာအုပ်စု၊လှိုင်သာယာ(အနောက်ပိုင်း) | သကတ-၁၆ | ၆၀၃ | ဒေါ်မူမူ |

အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ
## ( တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅)
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ၂၀၂၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် - ၂၆၄

ဒေါ်အေးအေးသန်း နှင့် လျှောက်ထားသူ
ဒေါ်ချစ်ဖူးငုံ ပါ ၂

လျှောက်ထားခံရသူများ

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ တရားမပြင်ဆင်မှုအမှတ်-၃၇၃/၂၀၂၂၏နေ့စဉ်မှတ်တမ်းအမိန့်နှင့် ထုံးပုံကျအပြီးသတ်အမိန့်မှပြင်ဆင်မှု လျှောက်လွှာနှင့်ပတ်သက်၍ လျှောက်ထားခံရ သူ ၂။ ဦးမျိုးမင်းသူ တိုက်အမှတ်-၂၅၊ အခန်းအမှတ် (၂၀၁)၊ မြကန်သာအိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခင်လိပ်စာ၊ ယခုလိပ်စာမသိ) နေ သိစေရမည်။

ဤအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ နေ့စဉ်မှတ်တမ်းအမိန့်နှင့်ထုံးပုံကျ အပြီးသတ်အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်ခိုင်ဇာလင်းက တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့ နံနက် (၁၀)နာရီအချိန်တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့် အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ မေလ ၃၀ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းမာလာခင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက် ဖော့ကန်စိုက်ပျိုးရေးလမ်းနှင့် ဆန်းသစ်ဦးလမ်း၊ အမှတ်(၅၃)ဟုခေါ်တွင်သော အကျယ်အဝန်းဧရိယာ (၀.၈၃) ဧကရှိ ဦးစိုးသန်းပိုင်ဆိုင်သော မြေကွက်ကြီးထဲမှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော (လမ်းမှရပ်၍ မြေကွက်အား မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း) အကျယ်အဝန်း (၃၄'.၄"/၃၀'.၈"x ၁၄၀'/၁၃၇') ပေရှိ မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဦးဝင်းအောင်သန်း (၁၂/အလန(နိုင်)၀၀၆၃၀၃) မှ အမွေပစ္စည်းအဖြစ် ခွဲဝေရယူထားပြီး တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံ ကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးရန်နိုင် (၁၂/ကတတ(နိုင်)၀၁၃၈၉၇)မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရန်နိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ဓမ္မသုခကျောင်းလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၃၈)၊ မြေကွက်အမှတ်(၁၂၂)၊ ဧရိယာ(၀.၀၅၅၁) ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်ဝမ်ဆိုင်ကျီး အမည်ပေါက်ဂရန်မြေကွက်ဖြစ်ပြီး၊ အဆိုပါဂရန်မြေကွက်အတွင်းမှ မြေကွက်အမှတ်(၁၂၀)နှင့် ကပ်နေသောအခြမ်း)၊ အကျယ်အဝန်းပေ(၂၀x၆၀) စတုရန်းပေ(၁၂၀၀)ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်၊ ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်ဆွေဆွေဦး (၁၂/ဥကမ(နိုင်) ၂၀၄၄၀၁) ထံမှ ကျွန်ုပ် ဒေါ်အေးသန္တာ (၁၄/ညတန(နိုင်)၁၀၉၂၃၃) မှ ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
